# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လကွယ်၊ ကြာသပတေးနေ့။ Thursday, 6 June 2024 ၁၁၄၈၀


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ

**စိမ်းလန်းစိုပြည်သည့်၊ ရာသီဥတုကောင်းမွန် မျှတသည့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာစေရန် သဲကန္တာရ ဖြစ်လာနိုင်ခြင်းမှ ကာကွယ်ရေးနှင့် မိုးခေါင်ရေရှားဒဏ် လျော့နည်းရေးတို့အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်**

စာမျက်နှာ » ၃

**မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝ အကာအကွယ်ပေးထား**

စာမျက်နှာ » ၈



# မေလအတွင်း ပြောင်းတန်ချိန် ၄ ဒသမ ၇၈ သိန်း တင်ပို့နိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်

နေပြည်တော် ဇွန် ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်၏ ပို့ကုန်လျာထားချက်များ ပြည့်မီကျော်လွန်စေရေးအတွက် ပို့ကုန်ပစ္စည်းတစ်မယ်ချင်းကို ဘဏ္ဍာရေးနှစ်အတွင်း လအလိုက် လျာထားသတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ပြောင်းစေ့တင်ပို့ခြင်းကို ယခုဘဏ္ဍာရေးနှစ်၏ ပထမ သုံးလပတ်ဖြစ်သော ဧပြီ၊ မေ၊ ဇွန်လ လျာထားချက်မှာ တန်ချိန် ၃ ဒသမ ၈ သိန်းဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ရန်ကုန်မြို့ရှိ ရွှေအရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

## နေ့စဉ်ရွှေဆိုင်များ ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများ ဆောင်ရွက်ရန် YGEA အသိပေး

ရန်ကုန် ဇွန် ၅

ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာဌာနဆိုင်ရာများက ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ရွှေဆိုင်များအနေဖြင့် နေ့စဉ် ရွှေဆိုင်များကို ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများ ဆောင်ရွက်ပေးရန် အသိပေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA )က ဇွန် ၅ ရက်တွင် ထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းက နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် သတင်းထုတ်ပြန်ပေးလျက်ရှိပြီး ရွှေရောင်းချသည့်အခါတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရန် အသိပေးသည်ဟု YGEA ကထုတ်ပြန်ထားသည်။ ထို့ပြင် ထုတ်ပြန်ချက်အတွင်း ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် အသိပေးကြောင်း ဖော်ပြထားသည်။

**ထိရောက်စွာအရေးယူဆောင်ရွက်မည်**

သက်ဆိုင်ရာက လာရောက်စစ်ဆေးသည့်အခါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်သည်ဟုလည်း

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

ကြေးမုံ

# သစ်တောများထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်

ယခုအခါ မိုးရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည် ရှင်သန်ဖွံ့ဖြိုးသောအချိန်အခါကာလဖြစ်သည်။ ထိုကာလတွင် သစ်ပင်များကို ရှင်သန်ဖွံ့ဖြိုးလာအောင် စိုက်ပျိုးပြုစုပျိုးထောင်ကြခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးကို ဖန်တီးကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးဝိုင်းဝန်း၍ အမျိုးသားရေးအသွင်ဖြင့် သစ်ပင်ပျိုးပင်များ ပြုစုပျိုးထောင်စိုက်ပျိုးကြရမည်ဖြစ်သည်။

ယခုနှစ်မိုးရာသီကာလတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဟု သိရသည်။ ထို့အပြင် ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက် သင့်လျော်သည့် အရိပ်ရသစ်ပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးရေး၊ သစ်ပင်သစ်တောများထိန်းသိမ်းရေး၊ မြစ်၊ ချောင်းများတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး၊ ဒီရေတောသစ်ပင်များ စိုက်ပျိုးတည်ထောင်သွားရေး၊ အာဆီယံလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများ၏ လမ်းဘေးဝဲ၊ယာနှင့် ရထားလမ်းများ၏ လမ်းဘေးဝဲ၊ယာတို့၌ သစ်ပင်များစိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

ကုလသမဂ္ဂစားရေရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာမြေမျက်နှာပြင်၏ သုံးပုံတစ်ပုံဖြစ်သည့် ဧက ၁၀ ဒသမ ၀၃ ဘီလီယံနီးပါးရှိကြောင်းသိရသည်။ သို့သော် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ဧက ၁၉ ဒသမ ၂၇ သန်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ဧက ၁၂ ဒသမ ၈၅ သန်းနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ဧက ၁၁ ဒသမ ၆၁ သန်း လျော့နည်းသွားကြောင်း သိရသည်။ ၁၀ စုနှစ်သုံးကြိမ် အနှစ် ၃၀ ကာလအတွင်း ကမ္ဘာပေါ်ရှိ သစ်တောစိုက်ခင်းစိုက်ဧက ၄၄ သန်းနီးပါး လျော့နည်းကျဆင်းသွားပြီဖြစ်သည်။

အာဆီယံဒေသ၏ သစ်တောဖုံးလွှမ်းမှုပမာဏအနေဖြင့် ဧက ၅၂၈ ဒသမ ၇၉ သန်းကျော်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ ကာလအတွင်း စုစုပေါင်းသစ်တောဧရိယာ၏ ခြောက်ပုံတစ်ပုံခန့် ဧကအားဖြင့် ၉၂ ဒသမ ၉၁ သန်း ပြုန်းတီးလျော့နည်းသွားသည်ဟု သိရသည်။ အာဆီယံဒေသတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာ ဒုတိယအများဆုံး ပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ FAO ၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံ၌ သစ်တော ပြုန်းတီးမှုအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ်သစ်တောဧရိယာ ၁ ဒသမ ၇ ရာခိုင်နှုန်း ပြုန်းတီးခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သုည ဒသမ ၉ ရာခိုင်နှုန်းသာ ပြုန်းတီးခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းနှင့်နှိုင်းစာလျှင် သစ်တောပြုန်းတီးမှုလျော့နည်းလာအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် သစ်တောသယံဇာတများ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာထုတ်ပြန်ရာတွင် တိုးတက်ကောင်းမွန်မှုများဖြစ်ပေါ်လာအောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်သည့် ဒီရေတောဧရိယာသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက ၁ ဒသမ ၀၇ သန်းဖြင့် နိုင်ငံဧရိယာ၏ သုည ဒသမ ၆၄ ရာခိုင်နှုန်းရှိခဲ့သည်။ ယခုအခါ ဧက ၁ ဒသမ ၁၃ သန်းရှိသဖြင့် သုည ဒသမ ၆၇ သန်းအထိ တိုးတက်လာသည်ကို အားရဖွယ်တွေ့မြင်ရသည်။ မြန်မာနိုင်ငံအနေဖြင့် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းများ ဆောင်ရွက်နိုင်မှုနှင့် မပျက်စီးအောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မှု အကျိုးရလဒ်ကောင်းများကို ရရှိပိုင်ဆိုင်ထားပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း ကြိုးပြင်ကာကွယ်တော ၄၁ ခု၊ ဧရိယာဧက ငါးသိန်းခြောက်သောင်းကျော်နှင့်သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာ ဧက ငါးသိန်းကိုးသောင်းကျော် စုစုပေါင်းဧရိယာဧက ၁ ဒသမ ၁၅ သန်းကျော်ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ရာ နိုင်ငံတစ်ဝန်း၌ သစ်တောဖုံးလွှမ်းမှုများ တိုးတက်ကောင်းမွန်လာပြီး ရာသီဥတုပြန်လည်မျှတကောင်းမွန်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

ပညာရေးဝန်ကြီးဌာန
၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်
- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။

## မိုးနဲမြို့နယ် နားလင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေများ သွားရောက်လှူဒါန်း



မိုးနဲ ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နားလင်း(တုမ်မို)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ယနေ့နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူငွေများ သွားရောက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ခွဲ) နားလင်း(တုမ်မို) ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေး၊ စားဝတ်နေရေး အဆင်ပြေစေရန်၊ စာသင်သားများနှင့် စာသင်ကိုယ်တော်များ နေရေးထိုင်ရေးနှင့် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် ဌာနဆိုင်ရာရုံးများက လစဉ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဌာနများ စုပေါင်းလှူဒါန်းမှုမှရရှိသော အလှူငွေကျပ် ၅၀၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဝိဇ္ဇာရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တမာဃိန္ဒက လက်ခံပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ညောင်တုန်းမြို့၌ ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း အသိပညာပေးဆွေးနွေး

မအူပင် ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ မအူပင်ခရိုင် မြန်မာ့အာမခံလုပ်ငန်းက ယနေ့နံနက် ၉ နာရီတွင် ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မအူပင်ခရိုင် မြန်မာ့အာမခံလုပ်ငန်းနှင့် ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် မိုးစပါးစိုက်တောင်သူ ၁၉၀ ခန့်အား မအူပင်ခရိုင်မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဒေါ်နီလာအေးက ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် တောင်သူများအား ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၂၀၀ | ၁,၄၁၈ | ၁၂,၈၈၁,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၅,၉၆၅ | ၁၉,၁၆၂,၃၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၀၈ | ၈၈၅,၆၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၅,၈၄၇ | ၉,၉၃၉,၉၀၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၂၀ | ၅၄,၈၅၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၈၆၉ | ၁,၅၅၄,၂၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၅၀ | ၂၄၀,၀၀၀ |
| MAEX | ၂,၅၅၀ | ၂,၈၀၀ | ၉၂၄ | ၂,၄၈၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိမ်းလန်းစိုပြည်သည့်၊ ရာသီဥတုကောင်းမွန်မျှတသည့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် သဲကန္တာရဖြစ်လာနိုင်ခြင်းမှ ကာကွယ်ရေးနှင့် မိုးခေါင်ရေရှားဒဏ် လျော့နည်းရေးတို့အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၅

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက် အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်ကြရန် ၁၉၇၂ ခုနှစ်တွင် ကုလသမဂ္ဂလူသားနှင့် ပတ်ဝန်းကျင် ညီလာခံကို ကျင်းပခဲ့သည့် ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း။

ယခုနှစ်ဆောင်ပုဒ်ကို **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဟု သတ်မှတ်ထားပါကြောင်း၊ သဲကန္တာရဖြစ်ထွန်းလာနိုင်ခြင်း၏ ရှေ့ပြေးလက္ခဏာများအနေဖြင့်အလွန်အမင်းခြောက်သွေ့ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်းနှင့် ဆူးပင်များ ပေါက်လာခြင်းတို့ ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာများ ပြည့်ဝဖူလုံစေရန်နှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးတို့အတွက် မြေယာပြန်လည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် ယခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ်ဖြင့် သတိပေးတိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ အနေဖြင့်လည်း ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲမှုနှင့်အတူ အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်းနှင့် မိုးခေါင်ခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ် ဆိုးကျိုးများကို ရင်ဆိုင် တွေ့ကြုံနေရကြောင်း၊ ယခုနှစ် ဧပြီ ၂၈ ရက်က မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် ဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးအပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်သည် လွန်ခဲ့သည့် ၅၆ နှစ်က ဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း ၄၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်ပြီး စံချိန်သစ်တင်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်လာခြင်းနှင့်အတူ မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ရေတွင်း ရေကန်များတွင် ရေများလျော့နည်းလာခြင်း၊ ခန်းခြောက်သွားခြင်း၊ သောက်ရေသုံးရေ ရှားပါးခြင်း၊ ပူပြင်းခြောက်သွေ့ မှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းနှင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများတွင် အသက်အန္တရာယ် ထိခိုက်သည်အထိ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေခြင်း စသည့် အကျိုးဆက်များကို ခံစားနေကြရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ရာသီဥတု ပြောင်းလဲမှုကြောင့် သစ်ပင်သစ်တောများ နည်းပါးလာခြင်း၊ အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်မည့် အခြေအနေများကို တွေ့မြင်လာရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်း၏ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်ပါ ကတိကဝတ်များကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အတွက်

စာမျက်နှာ ၄ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**☆ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်း၏ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ပါ ကတိကဝတ်များကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ**

**☆ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိ**

❍ စာမျက်နှာ ၃ မှ

နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနှင့်စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ပါဝင်သည့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ်ပေါင်း ၅၃ မြို့နယ်တို့တွင် ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်း ဧက လေးသိန်းကျော် စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောဧက ၂ ဒသမ ၂၅ သန်းကို ကာကွယ်ထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာ တိုးမြှင့်အသုံးချရေးနှင့် ရေရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

**သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးသွားမည်**

ခရိုင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်တမ်း နှစ်နှစ်အထက်ပျိုးသက်ရင့် ပျိုးပင်များနှင့် ရွာတစ်ရွာနှစ်ဧက စိုက်ပျိုးနိုင်ရေးကြိုတင် ပြင်ဆင်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် ၂၀၂၄ ခုနှစ် မိုးရာသီတွင် စိုက်ခင်းမျိုးစုံနှင့် တစ်ရွာနှစ်ဧက ကျေးရွာထင်းစိုက်ခင်းအပါအဝင် အပင်ပေါင်း နှစ်သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ပြီး ကျေးရွာပေါင်း ၈၀၉ ရွာကို အကျိုးပြုစေမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် သစ်တောစိုက်ခင်းမျိုးစုံအပါအဝင် သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောကို နိုင်ငံ့ရေယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့ရေယာ၏ ၁၀ ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ သစ်တောနယ်မြေ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၁၃၀၄ ခု၊ နိုင်ငံ့ရေယာ၏ ၂၅ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံ့ရေယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်း ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ကာလခြောက်နှစ်ကျော်ခန့် အတွင်းတွင် လျာထားရည်မှန်းချက် ပြည့်မီအောင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးပြုပြင်ခြင်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေးအတွက် မြေယာပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ကြရာတွင် သစ်တောများ ထိန်းသိမ်းတည်ထောင်ခြင်း၊ အပူဒဏ်ခံနိုင်သည့် အပင်များနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေချိုသယံဇာတများ ထိန်းသိမ်းခြင်းနှင့် ဓာတ်မြေသြဇာအစား သဘာဝမြေသြဇာများ ပိုမိုအသုံးပြုခြင်းစသည်များဖြင့် ပြုပြင်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ဆွေးမြည့်ရန် မလွယ်ကူသည့် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်များကို လျှော့၍သုံးစွဲခြင်း၊ ပြန်သုံးခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း စသည့်3Rစနစ်များကိုအလေးထား ဆောင်ရွက်ကြရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေများကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လေးစားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဖြစ်သည့် **"သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိမ်းလန်းစိုပြည်သည့်၊ ရာသီဥတုကောင်းမွန်မျှတသည့်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာစေရန် သဲကန္တာရ ဖြစ်လာနိုင်ခြင်းမှ ကာကွယ်ရေးနှင့် မိုးခေါင်ရေရှားဒဏ် လျော့နည်းရေးတို့အတွက် အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာ ဗီဒီယိုများကို ပြသသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက ၂၀၂၄ ခုနှစ်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာဆုရရှိသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် Shwe Taung Cement Co,Ltd (အပါချီဘိလပ်မြေစက်ရုံ)တို့မှ တာဝန်ရှိများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အကောင်းဆုံး အထက်တန်းကျောင်းဆုနှင့် အကောင်းဆုံး မူလတန်းကျောင်းဆု ရရှိကြသည့် ကျောင်းတို့မှ တာဝန်ရှိသူများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်/ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အကောင်းဆုံး အထက်တန်းကျောင်းဆုရရှိသည့် ကျောင်းမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

---

❖**ရွှေ့ဖုံးမှ**

၂၀၂၄ ခုနှစ် မေလကုန်အထိ စာရင်းများအရ ပြောင်းတန်ချိန် ၄ ဒသမ ၇၈ သိန်း အမှန်တင်ပို့နိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် တင်ပို့နိုင်ခဲ့သည်။

ထို့အတူ ဇွန်လလျာထားချက်အပေါ် ပြည့်မီကျော်လွန်နိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၅ ရက် စာရင်းများအရ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ပြောင်းတင်ပို့မည့် သင်္ဘော ၁၄ စင်း ဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Alone International Port Terminal) မှ ပြောင်းတန်ချိန် ၃၂၀၅၈ တန်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Yangon International Gateway Terminal) မှ ပြောင်းတန်ချိန် ၉၅၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port)မှ ပြောင်းတန်ချိန် ၃၆၅၀၀၊ ဆူးလေဆိပ်ကမ်း (Sule Pagoda Wharves) မှ ပြောင်းတန်ချိန် ၂၀၆၇၂ တန်၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal) မှ ပြောင်းတန်ချိန် ၂၅၀၀၀၊ သီလဝါဆိပ်ကမ်း (Myanmar International Terminal Thilawa) မှ ပြောင်းတန်ချိန် ၂၇၅၀၀၊ Myanmar Integrated Port Limited မှ ပြောင်းတန်ချိန် ၂၆၀၀၀၊ Wilmar (Wilmar International Port Terminal) မှ ပြောင်းတန်ချိန် ၁၁၀၀၀၊ သီလဝါဆိပ်ကမ်း(Thilawa Multi–purpose International Terminal) မှ ပြောင်းတန်ချိန် ၂၅၀၀၀၊ ရွှေမဲဆိပ်ကမ်း(Shwemae)မှ ပြောင်းတန်ချိန် ၂၇၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်း(Min Htet Min)မှ ပြောင်းတန်ချိန် ၅၄၀၀ စုစုပေါင်းပြောင်းတန်ချိန် ၂၂၁၃၃၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိ အိမ်နီးချင်းထိုင်းနိုင်ငံမှ အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသဖြင့် ယခုနှစ် ဩဂုတ်လကုန်အထိ ပြောင်းစေ့ပို့ကုန်များ အချိန်မီတင်ပို့နိုင်ရေး မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

❂ **နေ့စဉ်ရွှေဆိုင်များမှ**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်၌ ပါရှိသည်။

ရွှေဈေး အခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရွှေဆိုင်လုပ်ငန်းရှင် အချို့ကို ခေါ်ယူစစ်ဆေးခဲ့ပြီး တရားမဝင် ရွှေအရောင်းအဝယ် ပြုလုပ်သူ ၂၁ ဦးကို ဇွန် ၂ ရက်တွင် ဖမ်းဆီးခဲ့သည့်အပြင် ရွှေဈေးမြင့်တက်ရန်အတွက် နောက်ကွယ်မှဆောင်ရွက်နေသည့် ဝိန့်စိန်ရွှေဆိုင်၊ ဖွဲ့ထက်ရွှေဆိုင်၊ အောင်သမာဓိရွှေဆိုင်တို့မှ တာဝန်ရှိသူများ အပါအဝင် ထွက်ပြေးတိမ်းရှောင်သူ ၁၀ ဦးကိုလည်း အရေးယူနိုင်ရေးဆောင်ရွက်နေကြောင်း သိရသည်။ **MT**

---

# ဆီဆိုင်မြို့၌ ဘုန်းတော်ကြီးကျောင်း၊ ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူနေအိမ် ၂၉၅ လုံး လျှပ်စစ်မီးပြန်လည်ရရှိ

**ဆီဆိုင် ဇွန် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဆီဆိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ၃၃/၁၁ ကေဗွီ(၅)အေဗွီ မိန်းထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၁၃ ခန်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၃၅၉ ခန်း၊ ချို့ယွင်းပျက်စီးသည့် ၁၁/၀.၄ ကေဗွီ(၂၀၀) ကေဗွီ ထရန်စဖော်မာရှစ်လုံးတို့ကို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လက်ရှိအချိန်တွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံးခြောက်ရုံးနှင့် ဒေသခံပြည်သူနေအိမ် ၂၉၅ လုံးတို့အား လျှပ်စစ်မီးပြန်လည်ရရှိ ထွန်းလင်းနေပြီဖြစ်သည်။ ဆက်လက်၍ လျှပ်စစ်မီးမရရှိသေးသည့် ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူ နေအိမ်များအား လျှပ်စစ်မီးကြိုးသွယ်တန်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လျှပ်စစ်မီးများ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**နေမင်း(ဆီဆိုင်)**

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း ၁ နှစ် ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယအကြိမ် ၆ လနှင့် တတိယအကြိမ် ၁ နှစ်နှင့် စုစုပေါင်း ၃ နှစ်အထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အတိုး/ အရင်းများကို **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ** အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာခြင်း

**ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇွန်လ (၅) ရက်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက် မူလတန်းကျောင်းတွင် (၄ - ၆ - ၂၀၂၄) ရက် ၁၂ : ၃၀ နေ့လယ်ထမင်းစားချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများမှ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သောကြောင့် ကလေးငယ် (၁) ဦး သေဆုံးပြီး ကလေးငယ် (၂၅) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ အေးချမ်းစွာ ပညာသင်ကြားနေသော လူမမယ်ကျောင်းသားကလေးငယ်များအား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့များအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များသို့ မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များသို့ မျိုးစေ့ချကိရိယာ (Seeder) များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သီးနှံစိုက်ပျိုးတောင်သူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် သီးထပ်၊ သီးညှပ်သုံးသီးအပြည့် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တောင်သူများအနေဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က မျိုးစေ့ချကိရိယာ (Seeder) များ လိုအပ်မှု၊ ရရှိမှုအခြေအနေများနှင့် မိုးစပါးစိုက်ပျိုးရာသီတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦးက (Seeder) ထုတ်လုပ်ပြီးစီးမှုနှင့် ရာသီချိန်အမီရရှိရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်းရှိ မြို့နယ်အလိုက် မျိုးစေ့ချကိရိယာ (Seeder) များကို ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်များမှ တောင်သူများက လက်ခံရယူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မျိုးစေ့ချကိရိယာများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



ယနေ့အခမ်းအနားတွင် သီးနှံစိုက်ပျိုးတောင်သူများအတွက် မျိုးစေ့ချကိရိယာ (Seeder)ထောက်ပံ့ပေးအပ်မှုအနေဖြင့် လယ်ဝေးမြို့နယ်အတွက် ၉၂ ခု၊ ဒက္ခိဏသီရိမြို့နယ်အတွက် ၁၅ ခု၊ ဇေယျာသီရိမြို့နယ်အတွက် ၁၀ ခု၊ ပုဗ္ဗသီရိမြို့နယ်အတွက် ၁၆ ခု၊ တပ်ကုန်းမြို့နယ်အတွက် ၄၀ စုစုပေါင်း ၁၇၃ ခုကို ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မတီဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အစိုးရဌာနများမှ ရိုက်နှိပ်ရမည့် စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် အပ်နှံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ညွှန်ကြားခဲ့ပါကြောင်း၊ ထို့ပြင် စာအုပ်စာစောင်များ ရိုက်နှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကကပြည် ကွပ်ကဲမှုအောက်ရှိ မြဝတီစာပေတိုက်တွင် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့ရှိ ပုံနှိပ်တိုက်တို့တွင် လည်းကောင်း၊ သာသနာရေးဦးစီးဌာနရှိ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်လည်းကောင်း လုပ်ငန်းအပ်နှံနိုင်ရေး ဆက်သွယ်ဆောင်ရွက်ရန်နှင့် မဖြစ်မနေအခြေအနေမှသာ ပြင်ပ၌ ရိုက်နှိပ်နိုင်ရေးဆောင်ရွက်ရန် ထပ်ဆင့်ညွှန်ကြားပါကြောင်း၊ ညွှန်ကြားချက်အပေါ် မူတည်ပြီး ဆက်လက် ဆောင်ရွက်နိုင်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း။

ဧပြီ ၃၀ ရက်တွင် ပထမအကြိမ်ကော်မတီအစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ ပုံနှိပ်ပေးရမည့်ဌာနများမှ ပုံနှိပ်ပေးနိုင်မည့် အခြေအနေကို တောင်းခံခဲ့ပြီး အကြောင်းပြန်ကြားချက်များလည်း ရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ရိုက်နှိပ်ရမည့်စာအုပ်စာစောင်များကို အစိုးရပိုင်ပုံနှိပ်စက်များတွင် ရိုက်နှိပ်နိုင်ရန်၊ စက်များကို စွမ်းအားပြည့်လည်ပတ်နိုင်အောင် ဆောင်ရွက်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများမှ အပ်နှံနိုင်မည့်လုပ်ငန်း ပမာဏများကို တင်ပြကြစေလိုကြောင်း၊ လက်ရှိတွင်လည်း ဌာနဆိုင်ရာများက ပုံနှိပ်အပ်နှံမှုများ ယခင်ကထက် ပိုမိုများပြားမှု ရှိလာပါကြောင်း၊ အလားတူ ကကပြည်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုံနှိပ်တိုက်တို့သို့လည်း ဆက်သွယ်အပ်နှံမှုများ ရှိလာပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဒေတ္တာညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် ပုံနှိပ်လုပ်ငန်း ဆောင်ရွက်ပေးရမည့် ဌာနများမှ တာဝန်ရှိသူများက ပုံနှိပ်ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသုံးစာအုပ်အပ်နှံမှု၊ နိုင်ငံတော်အဆင့် ဆောင်ရွက်ခဲ့သည့် ပုံနှိပ်လုပ်ငန်းများ၊ တပ်ဆင်ထားသည့်ပုံနှိပ်စက်များ၏ စက်စွမ်းအားနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၊ လုပ်ဆောင်ပေးနိုင်မည့် ပုံနှိပ်လုပ်ငန်း အမျိုးအစားများ၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းအခြေအနေ ကန့်သတ်ချက်အရ ဆောင်ရွက်ခြင်းမပြုနိုင်သေးသည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသည့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများက ပုံနှိပ်လုပ်ငန်း အပ်နှံနိုင်မည့် လုပ်ငန်းပမာဏနှင့် ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ပေးမည့် အစိုးရပိုင်ပုံနှိပ်စက်များ၌ အပ်နှံကြရန်၊ အပ်နှံမည့်အမျိုးအစား အရေအတွက်စာရင်းကို ကြိုတင်ပေးပို့ကြရန်နှင့် ညွှန်ကြားချက်နှင့်အညီ ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။ **သတင်းစဉ်**

# ပြည်သူတွေဆီ မျက်နှာမူ၍ ဖြတ်သင့်သည့်သံယောဇဉ်ကို ဖြတ်ပေးပါ

စွမ်းပြည့်

❛ သူတို့တွေကိုယ်တိုင်လည်း ဒီမိုကရေစီလမ်းကြောင်းကိုသွားဖို့ ဆန္ဒရှိဟန်မတူတော့ပါဘူး။ လက်နက်ကိုင်တဲ့အရသာ၊ ဓားပြတိုက်တဲ့အရသာ၊ ဆက်ကြေးကောက်တဲ့အရသာ၊ မူးယစ်ဆေးရဲ့အရသာ၊ မူးယစ်ဆေးသုံးပြီး အချင်းချင်းတောင်မချန် သတ်ရဲဖြတ်ရဲတဲ့အရသာ သူတို့သိသွားကြပြီလေ။ ပြည်သူတွေကိုယ်တိုင်လည်း အပြုနဲ့အဖျက်အပေါ် သိသူတွေသိလာနေကြပြီ။ သဘောပေါက်တန်ပေါက်လာကြပြီ။ မှားယွင်းတဲ့မျှော်လင့်ချက်နဲ့ false hope တွေကို ငြီးငွေ့လာကြပါပြီ။ ဒီမိုကရေစီဆိုတဲ့အရာမှာလည်း ဒီမိုကရေစီ စိတ်ဓာတ်၊ ဒီမိုကရေစီကျင့်စဉ်မျိုးနဲ့ ပေးဆပ်မှုရှိမှသာ ဒီမိုကရေစီဟာ တန်ဖိုးရှိပါမယ်။ ❜

မြန်မာနိုင်ငံတော်ကြီးကို ဖျက်ဆီးလို့ အားမရ၊ မပျက်ပျက်အောင် ဖျက်ကြဆဲ၊ မူလက ကောင်းနေတဲ့ပစ္စည်းတစ်ခု အထိမခံ၊ ကျိုးလွယ်၊ ပဲ့လွယ်၊ ရှလွယ်၊ ကွဲလွယ်တဲ့ fragile အနေအထားကနေ ဘာလုပ်လုပ်မအောင်မြင်အောင် ပျက်စီးသည်ထက် ပျက်စီးအောင်လုပ်နေတဲ့ fail state အနေအထား။ ဒီအနေအထားကနေ တိုင်းပြည်ကို အစိတ်စိတ်အမြွာမြွာကွဲထွက်ပြီး အလုံးစုံပျက်သုဉ်း ပြိုလဲပြိုကျအောင် (collapse) ဖြစ်အောင် လုပ်လာနေကြပြီ။ အခြေအနေအားလုံးက မြင်သာပါတယ်။

ယခုလည်း ရွှေဈေး၊ ဒေါ်လာဈေး အဆမတန် တက်အောင်လုပ်။ စားဝတ်နေရေး အထွေထွေအကျပ်အတည်း ဆိုက်သည်ထက်ဆိုက်အောင်လုပ်။ လူတွေလမ်းပေါ်ထွက်အောင် လုပ်မယ်။ နောက်ဆုံး နိုင်ငံနဲ့ ပြည်သူတွေဘဝ အလုံးစုံပျက်သုဉ်းအောင်တွန်းပို့။ ဒါက သူတို့သွားချင်တဲ့ ပျက်စီးမယ့်အနေအထား။ အပြင်မှာ တကယ်ဖြစ်နေတဲ့ အနေအထားမှာ ကောလာဟလမျိုးစုံနဲ့ ဈေးကွက်ဖွင့်။ ဈေးတွေဆွဲတင်တာပါမယ်။ ဈေးကွက်က ဈေးအတိုင်း လက်တွေ့မှာလည်းဖြစ်သွားတယ်။ ကောလာဟလဆိုတာ လူတွေက ယုံကြည်လွယ်တယ်။ ယုံကြည်လွယ်ခြင်းရဲ့အကျိုးဆက်က shock ဖြစ်မယ်။ ဒါလည်း အဖျက်သမားတွေ လိုချင်တဲ့အနေအထားတစ်ခုပါ။ တိုင်းပြည်ကို မပျက်ပျက်အောင် ဖျက်နေကြတယ်ဆိုတာ ဒါပါပဲ။

**တကယ်တမ်းက တိုင်းပြည်ပျက်ဖို့အထိ လုပ်နေသူတွေကြောင့်**

လက်ရှိအခြေအနေအရတော့ ဖျက်သူနဲ့ တည်ဆောက်သူကြား တည်ဆောက်ရေးထက် အဖျက်ဘက်က ပိုအားသန်နေတယ်။ ကြားက ပြည်သူကတော့ မြေစာပင်ဘဝ။ သူတို့ရဲ့ ရင်ဘတ်ထဲ ခံစားချက်မျိုးစုံနဲ့ အကျပ်အတည်း အခက်အခဲမျိုးစုံကို ကြုံနေကြရတယ်။ အခြေခံစားကုန်တွေ ဈေးတက်၊ ငွေကြေးအလုပ်အကိုင် ပိုပြီးကျပ်တည်းလာတယ်။ ပြည်ပကို လူငယ်တွေ ပြောင်းကြရွှေ့ကြ၊ ဘာလုပ်ကြမလဲ၊ ဘာဆက်ဖြစ်မလဲ၊ နိုင်ငံတော်က ဘာလုပ်မလဲ သိချင်နေကြတယ်။

ရွှေဈေး၊ ဒေါ်လာဈေးတက်တာ ပြည်ပအခြေအနေနဲ့လည်း ဆက်စပ်နေတယ်။ သိထားဖို့ပါ။ အမေရိကန်ဘွန်းတွေကို တရုတ်ကရောင်းပြီး ရွှေတွေပြန်ဝယ်တဲ့အခါ ပြည်ပရွှေဈေးတက်တာလည်း ပြည်ပအခြေအနေတစ်ခုရဲ့ လွှမ်းမိုးမှုပါပဲ။ ဒီအခြေအနေကို အခွင့်ကောင်းယူ၊ ပြည်တွင်းက ဒေါ်လာကို ပြည်ပထုတ်၊ ပြည်ပမှာ ကွန်ဒိုတိုက်ခန်းတွေ ဝယ်ကြစုကြ၊ မီးလောင်ရာလေပင့်၊ ဒီအပေါ်မှာ ထပ်ဆင့်လောင်စာလောင်း၊ ပြည်တွင်းမှာ ဈေးကစား၊ လက်ရှိအစိုးရ အကျပ်အတည်းဖြစ်အောင်လုပ်၊ လူတွေလမ်းပေါ်ထွက် တိုင်းပြည်ပျက်၊ ဦးတည်ချက်က ဒါပါ။

တကယ်တမ်းဆန်းစစ်ရင် မြန်မာနိုင်ငံတော်ကြီးဟာ ဘက်ပေါင်းစုံမှာ အထိအခိုက်များလှတယ်။ ကိုယ့်အကျိုးစီးပွား အခြေခံအပြိုင်အဆိုင်ဖြစ်နေတဲ့ ပြည်ပအင်အားကြီးတွေရဲ့ ဇာတ်ညွှန်းအောက်မှာ လိုက်မကမိအောင် မနည်းဖောက်ထွက်နေရတယ်။ အင်အားကြီးတွေရဲ့ သပွတ်အူလိုက်နေတဲ့ အရှုပ်အထွေးတွေကြားမှာ ပစ်မှတ်ဘဝရောက်နေရတဲ့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေ၊ ပြည်တွင်းနဲ့ ပြည်ပလက်ဝါးချင်းရိုက်၊ ပြည်တွင်းလောက်တွေရဲ့ သစ္စာမဲ့လုပ်ရပ်တွေကြောင့်လည်း မြန်မာပြည်ကြီး ပိုထိခိုက်နေရတယ်။ စိတ်ဝမ်းကွဲလွယ်တဲ့မြန်မာတွေ မစည်းလုံးဘဲ ဝါးအစည်းပြေပြီး လက်နက်နဲ့သွေးစွန်းကြ၊ နောက်ဆုံးမိမိတို့ပဲဓားစာခံဖြစ်၊ နောက်ကွယ်က တရားခံလက်မည်းတွေကို မမြင်နိုင်တဲ့ဘဝအထိ မဆင်ခြင် မသုံးသပ်နိုင် ဖြစ်နေကြရတယ်။

**သူတို့ကြောင့်လူ့အခွင့်အရေး ဖက်ဒရယ်နဲ့ဒီမိုကရေစီ ပန်းတိုင်ဝေးနေပြီလား**

ဒီအချိန်မှာ တိုင်းရင်းသားအခွင့်အရေးဆိုတာကို ရိုးသားတဲ့တိုင်းရင်းသားတွေ ၊ စစ်မှန်တဲ့ ပြည်သူတွေကလွဲ၍ ပြောသံမကြားရတော့ဘူး။ ဖက်ဒရယ်အရေးဆိုတာ လူကြားကောင်းအောင်တောင် မပြောကြတော့တဲ့ လက်နက်ကိုင်တွေ၊ ဒီမိုကရေစီကကောငါတို့နဲ့တန်ရဲ့လားဆိုတာ ပြန်ဆန်းစစ်စရာမလိုတော့တဲ့အခြေအနေ ရောက်သွားခဲ့ပြီ။ လက်ရှိသွားနေတဲ့ တည်ဆောက်ရေးလမ်းကြောင်းအားလုံး အကြမ်းဖက်တွေက အကုန်ဖျက်ဆီးနေကြတယ်။

သူတို့လိုချင်တာက လုပ်စားကိုင်စားလို့ရမယ့် နယ်မြေမှန်သမျှ လက်နက်အားကိုး တိုးချဲ့မယ်။ ကိုယ့်အကျိုးစီးပွားသက်သက် အခွင့်အလမ်းရှာမယ်၊ မူးယစ်ဆေးဝါးရောင်းမယ်၊ ဝယ်မယ်၊ ဆက်ကြေးကောက်မယ်၊ ကုန်သွယ်မှုတရားဝင်လမ်းကြောင်းတွေပျက်အောင်၊ ကုန်စည်ပြတ်လပ်အောင် လမ်းတံတားတွေဖျက်မယ်၊ မူလကတော့ တပ်မတော်ရဲ့ စစ်ဆင်ရေးပျက်အောင် လမ်းတွေဖျက်တာ၊ တရားဝင်လမ်းကြောင်းပျက်တဲ့အရသာသိသွားတော့ မှောင်ခိုလမ်းကြောင်းမဖြစ်ဖြစ်အောင်ကို ဖျက်ဆီးနေတော့တာ။ တရားမဝင်တဲ့ နည်းပေါင်းစုံနဲ့ ငွေရှာတဲ့ခေတ်ရောက်သွားပြီ။ အမြင်မတူရင် သတ်မယ်၊ ဖြတ်မယ်။ အင်အားကြီးလာရင် လွှမ်းမိုးမယ်၊ မြန်မာစာ မြန်မာစကားမသင်ရ၊ ရှမ်းလူမျိုးတွေဖယ်ပေး ၊ ကချင်တွေထွက်ပေးစသည်ဖြင့် ပိုင်ဆိုင်မှုတွေ ဖျက်ဆီးခံရ၊ လက်နက်ကိုင်လမ်းစဉ်နဲ့ အင်အားသည်သာ အခရာ၊ ဘာဒီမိုကရေစီမှမဟုတ်၊ ဘာဖက်ဒရယ်မှမဟုတ်ဘဲ၊ ဘာလူ့အခွင့်အရေး၊ ဘယ်တိုင်းရင်းသားအခွင့်အရေးမှ မဟုတ်ပါဘဲ။

သူတို့တွေကိုယ်တိုင်လည်း ဒီမိုကရေစီလမ်းကြောင်းကိုသွားဖို့ ဆန္ဒရှိဟန် မတူတော့ပါဘူး။ လက်နက်ကိုင်တဲ့အရသာ၊ ဓားပြတိုက်တဲ့အရသာ၊ ဆက်ကြေးကောက်တဲ့ အရသာ၊ မူးယစ်ဆေးရဲ့ အရသာ၊ မူးယစ်ဆေးသုံးပြီး အချင်းချင်းတောင်မချန် သတ်ရဲဖြတ်ရဲတဲ့အရသာ သူတို့သိသွားကြပြီလေ။ ပြည်သူတွေကိုယ်တိုင်လည်း အပြုနဲ့အဖျက်အပေါ် သိသူတွေသိလာနေကြပြီ။သဘောပေါက်တန်ပေါက်လာကြပြီ။ မှားယွင်းတဲ့မျှော်လင့်ချက်နဲ့ false hope တွေကိုငြီးငွေ့လာကြပါပြီ။ ဒီမိုကရေစီဆိုတဲ့အရာမှာလည်း ဒီမိုကရေစီ စိတ်ဓာတ် ၊ ဒီမိုကရေစီကျင့်စဉ်မျိုးနဲ့ ပေးဆပ်မှုရှိမှသာ ဒီမိုကရေစီဟာ တန်ဖိုးရှိပါမယ်။

အာဏာနဲ့ ဒီမိုကရေစီကို မကွဲသေးသရွေ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ မရနိုင်ဘူးဆိုတာ လက်တွေ့အကြမ်းဖက်လုပ်ရပ်တွေက ပြနေပါတယ်။ လူတွေအများကြီး သေပြီးမှ၊ ပညာတွေမသင်ရတော့မှ၊ မိမိတို့ပိုင်ဆိုင်မှုတွေနဲ့ မြို့တွေ ရွာတွေ အဖျက်ဆီးခံပြီးမှ၊ နောက်ဆုံးလူတွေရဲ့ စိတ်ဓာတ်တွေ အောက်တန်းနောက်တန်းကျပြီးမှ ရလာမယ့် မတည်ငြိမ်၊ ကြေးကြီးတဲ့ ဒီမိုကရေစီမျိုး တပ်မတော်ကိုပြိုကွဲအောင် ဖြိုဖျက်မယ့် လက်နက်ကိုင် ဒီမိုကရေစီမျိုး ပြည်သူတွေသည် မလိုချင်ကြတော့ပါဘူး။

**ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးမှုကို ဟန်ချက်ညီညီ သွားရာကနေ**

**နိုင်ငံတော်ကတော့ သူ့အစီအစဉ် သူ့လမ်းကြောင်းအတိုင်း သွားလျက်ပါပဲ။ နဂိုကတည်းက ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုကို ဖွံ့ဖြိုးရေးမူဝါဒ ( Peace and Development) ကို တစ်တန်းတည်းထား တိုင်းပြည်ကို တည်ဆောက်ပြီးသွားနေတာပါ။ အနည်းဆုံးအင်အားနဲ့ ခံစစ်ရှင်အနေအထားနဲ့ ဟန့်ရုံဟန့်ထားတာ အလကားမှမဟုတ်ဘဲ။ တိုင်းပြည်ကို မထိခိုက်ချင်လို့ ပြည်သူကိုမနစ်နာအောင်လို့ တတ်နိုင်သမျှ သည်းခံပြီး လှုပ်ရှားနေတာ၊ အဲဒီအတွက်လည်း အများကြီးပေးဆပ်ခဲ့ရတယ်။ ပေးဆပ်နေရဆဲလည်း ဖြစ်တယ်။ ဒီထက်ကြမ်းရင် ဒီထက်ဆုံးရှုံးနိုင်တယ်လို့ပဲ တွက်ခဲ့တယ်။ ပြည်တွင်းပြည်ပ ဖိအားအောက်မှာ အချိန်တိုအတွင်း အလုံးစုံပျက်သုဉ်းမယ့်ဘဝ ရောက်သွားနိုင်တယ်လို့ တွက်ခဲ့တဲ့အတွက် ပျော့ပျောင်းတဲ့လမ်းကြောင်းမှာပဲ အတတ်နိုင်ဆုံးလှုပ်ရှားနေပါတယ်။**

တိုင်းပြည်မှာ တည်ငြိမ်မှုရှိအောင် ရှိတဲ့အင်အားနဲ့ ရသမျှလုပ်၊ ငြိမ်းချမ်းရေးကို ထိန်းထား၊ စီးပွားရေးဖွံ့ဖြိုးမှုအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးရာ အားကစားကအစ ဟန်ချက်ညီညီတိုးတက်နေအောင် ဂရုစိုက်တယ်။ တည်ငြိမ်မှုနဲ့ဖွံ့ဖြိုးမှုကို ဟန်ချက်ညီအောင် လုပ်နေတဲ့အနေအထားမှာ ပိုပြီး တည်ငြိမ်အောင် လုပ်ကိုလုပ်ရမယ့်အနေအထားတစ်ခုကို တွန်းပို့နေပြီလား။ ဒါကတော့ EAO stakeholder တွေရဲ့စေတနာပါပဲ။

သူတို့ရဲ့ မိုက်တွင်းနက်နေမှုကိုတော့ သူတို့ကိုယ်တိုင်ရပ်မှာမဟုတ်ဘူးလို့တော့ မြင်မိတယ်။ လမ်းတံတား၊ လျှပ်စစ် စသည့်အခြေခံအဆောက်အအုံတွေ၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေး အခြေခံတွေ အကုန်မပျက်ပျက်အောင် ဖျက်ကြဦးမှာပါ။ ဒီကြားထဲ စစ်ရာဇဝတ်ဆန်ဆန်လုပ်ရပ်တွေ လုပ်လာတဲ့ EAO အစွန်းရောက်တွေကြောင့် ပြည်ပပယောဂနဲ့ စွက်ဖက်မှုအန္တရာယ်ကိုလည်း သတိထားလာနေရတယ်။ ကိုယ့်ကိုနဖားကြိုးထိုးတဲ့ ပြည်ပဩဇာအကြိုက်လိုက် လူမျိုးတုန်းခေါင်းစဉ်တပ်ပြီး အဖျက်သမားအချင်းချင်း ဇာတ်တူသားစားနောက်ကျောခားနဲ့ထိုးတဲ့ လုပ်ရပ်တွေကိုလည်း မြင်အောင်ကြည့်စေချင်တယ်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ ပြည်သူသည်သာ အဓိက၊ ပြည်သူဆီသာ မျက်နှာမူရမှာပါ။ ပြည်သူတွေကတော့ သူတို့ရဲ့ခါးစည်းခံဘဝကနေ သက်သာချင်နေကြပါပြီ။ ငါတို့ရဲ့အေးချမ်းမှုကို အပျက်အစီးတွေနဲ့ မလဲချင်ကြတော့ပါဘူး။ ယခုအချိန်မှာပြည်သူတွေ လိုချင်တာက တည်ငြိမ်မှုတစ်ခုနဲ့ အေးချမ်းသာယာမှု၊ လုပ်စားကိုင်စားကောင်းပြီး စားဝတ်နေရေးချောင်လည်ချင်တာ ပညာသင်ချင်တာပါပဲ။ ဒါကြောင့် ဖြတ်သင့်တာ အပြတ်ဖြတ်ရမယ်လို့ သဘောပေါက်လာကြတဲ့ ပြည်သူတွေလည်း များလာပါပြီ။ တော်လှန်ရေးနောက် တရွတ်ဆွဲလိုက်ပါနေတဲ့ တချို့သောပြည်သူတွေ သူများယောင်တိုင်း လိုက်မယောင်သင့်တော့ပါ။ အများစုလူငယ်တွေကိုယ်တိုင်လည်း မိမိတို့တစ်ချိန်မှာ အထင်ကြီးခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင်တွေ တော်လှန်ရေးမိခင်၊ ဖခင်ဆိုသူတွေအပေါ် ဥပါဒါန်အစွဲတွေကို ဖြတ်ထားပေးပါ။ သူတို့တွေအတွက်မပူပါနဲ့။ သင်တို့ရဲ့ခေါင်းဆောင်ဆိုသူတွေဟာ မိမိတို့နေထိုင်ရာ အခြားကမ္ဘာခြမ်းမှာ ကြီးပွားတိုးတက်နေကြပါပြီ။ သူတို့သားသမီးတွေကို ကျောင်းကောင်းကောင်းမှာထား ပညာသင်ပေးနေကြပြီ။ ကောင်းကောင်းနေ ၊ ကောင်းကောင်းစား အဆီယစ် ဝအီနေကြပြီဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ❋

❛ ဘာပဲဖြစ်ဖြစ်နောက်ဆုံးမှာ ပြည်သူသည်သာအဓိက၊ ပြည်သူဆီသာ မျက်နှာ မူရမှာပါ။ ပြည်သူတွေကတော့ သူတို့ရဲ့ခါးစည်းခံဘဝကနေ သက်သာချင်နေကြပါပြီ။ ငါတို့ရဲ့ အေးချမ်းမှုကို အပျက်အစီးတွေနဲ့ မလဲချင်ကြတော့ပါဘူး။ ယခုအချိန်မှာ ပြည်သူတွေ လိုချင်တာက တည်ငြိမ်မှုတစ်ခုနဲ့ အေးချမ်းသာယာမှု၊ လုပ်စားကိုင်စားကောင်းပြီး စားဝတ်နေရေးချောင်လည်ချင်တာ ပညာသင်ချင်တာပါပဲ။ ဒါကြောင့် ဖြတ်သင့်တာ အပြတ်ဖြတ်ရမယ်လို့ သဘောပေါက်လာကြတဲ့ ပြည်သူတွေလည်း များလာပါပြီ။ တော်လှန်ရေးနောက် တရွတ်ဆွဲလိုက်ပါနေတဲ့ တချို့သောပြည်သူတွေ သူများယောင်တိုင်း လိုက်မယောင်သင့်တော့ပါ။ အများစုလူငယ်တွေကိုယ်တိုင်လည်း မိမိတို့တစ်ချိန်မှာ အထင်ကြီးခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင်တွေ တော်လှန်ရေးမိခင်၊ ဖခင်ဆိုသူတွေအပေါ် ဥပါဒါန်အစွဲတွေကို ဖြတ်ထားပေးပါ။ သူတို့တွေအတွက်မပူပါနဲ့။ သင်တို့ရဲ့ ခေါင်းဆောင်ဆိုသူတွေဟာ မိမိတို့နေထိုင်ရာ အခြားကမ္ဘာခြမ်းမှာ ကြီးပွားတိုးတက်နေကြပါပြီ။ သူတို့သားသမီးတွေကို ကျောင်းကောင်းကောင်းမှာထား ပညာသင်ပေးနေကြပြီး ကောင်းကောင်းနေ၊ ကောင်းကောင်းစား အဆီယစ် ဝအီနေကြပြီဖြစ်ပါတယ်။ ❜

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။

**(ယမန်နေ့မှအဆက်)**

သို့ရာတွင် ထိုအဘိဓာန်ကိုပင် Robert C.Stevenson နှင့် Rev.F.H. Eveleth တို့ ဖြည့်စွက်မွမ်းမံပြီး ၁၉၅၃ ခုနှစ်တွင် ပုံနှိပ်သောရာပြည့်အထိမ်းအမှတ်ထုတ် ယုဒသန် မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင်မူ သေးသေးတင်အောက်မြစ် **ခံ့**၏ အဓိပ္ပာယ်ကို မူလက ဖွင့်ထားသော “to be firm, strong, durable, ကြံ့သည်၊ ခိုင်သည်” မျှသာမဟုတ်ဘဲ "to be dignified in deportment, Stately; to be muscular and well built; ဆဒ္ဒန်ဆင်မင်းသည် ဖြူစွာသောကိုယ်ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ဆင်မည်းတို့အလယ်၌ အလွန်**ခံ့**သည်။ ... စသည်ဖြင့် **ခံ့ညား**၏ အနက်မျိုးဖွင့်ထားပါသည်။ **ခံ့ညား**ဟူသော ဝေါဟာရကိုမူ ဖော်ပြမထားပါ။

ခချေးနသတ်အောက်မြစ်ခန့်၏ အဓိပ္ပာယ်ကိုမူ ၁၈၅၂ ခုနှစ်ထုတ် ထိုအဘိဓာန်တွင် to fear, ကြောက်သည် ; to respect, reverence ထီသည်၊ ရိုသေလေးမြတ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ **ခန့်ညား**ကိုလည်းအနက်တူဟုပင်ပြပါသည်။ ၁၉၅၃ ခုနှစ်ထုတ် ရာပြည့်နှစ်အထိမ်းအမှတ် အဘိဓာန်တွင်လည်း ထိုအတိုင်းပင် အဓိပ္ပာယ်ဖွင့်ပါသည်။ သို့ရာတွင် **ခန့်ညား**၏ အဓိပ္ပာယ်အဖွင့်တွင် “ရှင်ရာဟုလာသည် ရှင်သာရိပုတ္တရာ၏ အဆုံးအမ၌တည်၍ အလွန်ရိုသေ**ခန့်ညား**သည်” ဟူသော အသုံးအနှုန်းကို ဖြည့်စွက်၍ သာဓကပြထားပါသည်။ **ခန့်ညား**၏ အဓိပ္ပာယ်ပို၍ပေါ်လွင်သွားသည်။

အချုပ်အားဖြင့် ဤသို့မှတ်ရန်ဖြစ်ပါသည်။ သေးသေးတင်အောက်မြစ် **ခံ့ညား**နှင့် နသတ်အောက်မြစ် **ခန့်ညား**ဟူသော ဝေါဟာရနှစ်ရပ်တွင် နသတ်အောက်မြစ် **ခန့်ညား**ကိုသာ ရှေးအခါက သုံးနှုန်းကြသည်။ အဓိပ္ပာယ်မှာ ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်ဟူ၍ဖြစ်သည်။ သေးသေးတင်အောက်မြစ် **ခံ့ညား**မှာမူ ရှေးကမသုံး နောက်မှသုံးသော အသုံးအနှုန်းဖြစ်သည်။ အဓိပ္ပာယ်မှာ ခမ်းနား၊ ထည်ဝါဟူ၍ဖြစ်သည်။

ဤတွင် နသတ်အောက်မြစ် **ခန့်ညား**သည် အဘယ်ကြောင့် ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်” ဟူသော အဓိပ္ပာယ်ကို ဆောင်သနည်း။ သေးသေးတင်အောက်မြစ် **ခံ့ညား**သည် အဘယ်ကြောင့် “ခမ်းနား၊ ထည်ဝါ” ဟူသော အဓိပ္ပာယ်ကိုဆောင်သနည်း။ ကြောက်သည်၊ရွံ့သည်၊လေးစားသည်” ဟူသော အဓိပ္ပာယ်ဆောင်သည့် နသတ်အောက်မြစ် **ခန့်ညား**၏အနက်ကိုသိရန်နှင့် ခမ်းနား၊ ထည်ဝါဟူသော အဓိပ္ပာယ်ကိုဆောင်သည့် သေးသေးတင်အောက်မြစ် **ခံ့ညား**၏အနက်ကို သိရန်လိုအပ်သည်မဟုတ်ပါလော။

နသတ်အောက်မြစ် **ခန့်ညား**နှင့် သေးသေးတင်အောက်မြစ် **ခံ့ညား**တို့တွင် နသတ်အောက်မြစ် **ခန့်** တစ်လုံးတည်း၏ အနက်နှင့် သေးသေးတင်အောက်မြစ် **ခံ့** တစ်လုံးတည်း၏ အနက်သည် အဓိကကျပေသည်။ **ညား** မှာ **ခန့်**နှင့် **ခံ့** တို့၏ အနက်ကို လေးနက်အောင် ထောက်ပံ့သော ပစ္စည်းစကားလုံးမျှသာဖြစ်သည်ကို သတိပြုသင့်ပေသည်။

**ခန့်** ၏အနက် ခိုင်း၊ နှိုင်း၊ မှန်းစသည် ဖြစ်သည်။ **ညား** ၏ အနက် **ပေါင်းစည်း၊ ဆက်စပ် > စွဲမြဲ၊ များပြားဖြစ်သည်။** တစ်စုံတစ်ဦးကို **ခန့်ညား**သည်ဆိုသည်မှာ ထိုသူတစ်ဦးတစ်ယောက်ကို ထွတ်မြတ်သူအဖြစ်၊ အကြီးအမြတ်အဖြစ် ခိုင်းနှိုင်းမှန်းထားခြင်း၊ ပမာထားခြင်း၊ အရာထားခြင်းပင်ဖြစ်ရာ ဆင့်ပွားအနက်အားဖြင့် ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်၊ ရိုသေသည်ဟူသော အဓိပ္ပာယ်ကို ဆောင်ပေသည်။

**ခန့်**၏အနက်သည် ကြောက်သည်၊ ရွံ့သည်၊ ရိုသေသည်၊ လေးစားသည်ဟုဆိုခြင်းကြောင့် **မခန့်**၏အနက်မှာ မကြောက်၊ မရွံ့၊ မလေးစား၊ မရိုသေဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် **မခန့်လေးစား မလေးမခန့်၊ မခန့်တရန့်၊ မခိုးမခန့်၊ ပမာမခန့်** စသည့်ကြိယာဝိသေသနဝေါဟာရများ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

**ခံ့**၏အနက် **ခိုင်၊ ခံ၊ ထည်** စသည်ဖြစ်သည်။ ခိုင်သော သဘော၊ ခံနိုင်သောသဘော၊ ထည်သောသဘော စသည်ဖြစ်သည်။ **ညား**၏ အနက်ကို စွဲမြဲစွာ၊ များစွာဟု အနက်ဖွင့်ပါက **ခံ့ညား** ဟူသည် များစွာခံ့သည်။ များစွာထည်သည် စသည့်အဓိပ္ပာယ်ကိုဆောင်ပေသည်။ ထို့ကြောင့် **ခံ့ညားထည်ဝါ၊ ခံ့ထည်**ဟူသော ဝေါဟာရများ ဖြစ်လာရပေသည်။

ဆရာကြီးသည် အလွန်ခန့်ညားသည်ဟူသောဝါကျနှင့် ဆရာကြီးသည် အလွန်ခံ့ညားသည်ဟူသော ဝါကျတို့တွင် ပထမဝါကျသည် ဆရာကြီး အလွန်ကြောက်သည်ဟူသော အဓိပ္ပာယ်ရှိ၍ ဒုတိယဝါကျသည် ဆရာကြီး အလွန်ထည်ဝါသည် အလွန်လေးစားဖွယ်ဖြစ်သည်ဟူသော အဓိပ္ပာယ်ရှိပေသည်။ နသတ်အောက်မြစ် **ခန့်ညား**နှင့် သေးသေးတင်အောက်မြစ် **ခံ့ညား**တို့ အသတ်မတူကြသဖြင့် အဓိပ္ပာယ် အလွန်ကွဲပြားကြောင်း သတိပြုကြရာသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

---

✻ စာမျက်နှာ ၆ မှ

ဖြတ်ဆိုတဲ့နေရာမှာလည်း လူတွေကိုဘယ်လိုမှ ကောင်းကျိုးမပေး၊ EAO အတွက်သာ အသက်ဆက်ပေးနေတဲ့ မူးယစ်ကုန်သွယ်လမ်းကြောင်းတွေကို အဓိကဖြတ်ရပါမယ်။ အဖျက်လုပ်ရပ်နဲ့ ဘယ်လိုမှ လက်တွဲလို့မရနိုင်တဲ့ ဖြတ်သင့်တဲ့ သံယောဇဉ် ကျောထောက်နောက်ခံမှန်သမျှ အမြစ်ပြတ်အောင် ဖြတ်သင့်ပါတယ်။ လူယုတ်မာတွေရဲ့ အဖျက်စွမ်းအား ယခုထက်ပိုမကြီးလာအောင်၊ လူ့စွမ်းအားအရင်းအမြစ်တွေ ပိုပြီးမဆုံးရှုံးရအောင်လို့ပါ။

မဟုတ်ရင်တော့ ပြည်ပအင်အားစုတွေနဲ့ တချို့ ပြည်တွင်းအဖျက်သမားတွေအကြိုက် သူတို့ရည်မှန်းနေတဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းသာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလိုလမ်းကြောင်းမျိုး ဖြစ်ပေါ်မလာနိုင်အောင် ကာကွယ်တိုက်ဖျက်နိုင်မယ့် စွမ်းအားမျိုး၊ တောက်နေတဲ့မီးတောက်ကြီးကို ငြိမ်းသတ်နိုင်မယ့်စွမ်းအား၊ အက်ကြောင်းတွေကို ပြန်ဖာထေးနိုင်မယ့်စွမ်းအား၊ ဒီလိုစွမ်းအားမျိုးကတော့ ရိုးသားစစ်မှန်တဲ့ ပြည်သူနဲ့အတူ တပ်မတော်ရဲ့လက်ထဲမှာပဲရှိပါမယ်၊ တိုင်းပြည်ချစ်တဲ့ ပါတီအဖွဲ့အစည်းတွေရဲ့ လက်ထဲမှာသာလျှင် ရှိနေမှာဖြစ်ပါတော့တယ်။

> **“ဖြတ်ဆိုတဲ့နေရာမှာလည်း လူတွေကို ဘယ်လိုမှ ကောင်းကျိုးမပေး၊ EAO အတွက်သာ အသက်ဆက်ပေးနေတဲ့ မူးယစ်ကုန်သွယ်လမ်းကြောင်းတွေကို အဓိကဖြတ်ရပါမယ်။ အဖျက်လုပ်ရပ်နဲ့ ဘယ်လိုမှလက်တွဲလို့မရနိုင်တဲ့ ဖြတ်သင့်တဲ့ သံယောဇဉ် ကျောထောက်နောက်ခံမှန်သမျှ အမြစ်ပြတ်အောင် ဖြတ်သင့်ပါတယ်။ လူယုတ်မာတွေရဲ့ အဖျက်စွမ်းအား ယခုထက်ပိုမကြီးလာအောင်၊ လူ့စွမ်းအားအရင်းအမြစ်တွေ ပိုပြီးမဆုံးရှုံးရအောင်လို့ပါ။”**

---

## ကွင်းပေါက်ကျေးရွာအနောက်ချောင်းစပ်မှ ရွှေမယင်းဒေသ(ကကယာ-၂)သို့ ဆက်သွယ်ထားသော ချောင်းရိုးဘေးတာပေါင်ပေါ်ရှိ တံတားလေးစင်း တည်ဆောက်နေ

**တွံတေး ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဦးစီးဌာနမှ ကင်းရွာ-ခရမ်းကြီး-ခရမ်းဝ-ရေတွင်းကုန်း-ကွင်းပေါက်ကျေးရွာ အနောက်ချောင်းစပ်မှ ရွှေမယင်းဒေသ(ကကယာ-၂)သို့ ဆက်သွယ်ထားသော ချောင်းရိုးဘေးတာပေါင်ပေါ်ရှိ တံတားလေးစင်း တည်ဆောက်နေကြောင်း သိရသည်။

တွံတေးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွင်းပေါက်ကျေးရွာ အနောက်ချောင်းစပ်မှ ရွှေမယင်းဒေသ (ကကယာ-၂)သို့ ဆက်သွယ်ထားသော ချောင်းရိုးဘေးတာပေါင်ပေါ်ရှိ တံတားလေးစင်း တည်ဆောက်နေရာတွင် Y မြောင်းမကြီးတံတား အရှည် ၇၁ ပေ၊ အကျယ် ၁၂ ပေ၊ အဘေစက်တံတားအရှည် ပေ ၆၀၊ အကျယ် ၁၂ ပေ၊ ကုဋ္ဌေတစ်သန်းတံတားအရှည် ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ ကကယာတံတားအရှည် ပေ ၆၀၊ အကျယ် ၁၂ ပေ စသည့် ကင်းရွာ-ခရမ်းကြီး-ခရမ်းဝ-ရေတွင်းကုန်း- ကွင်းပေါက်ချောင်းစပ်မှ ရွှေမယင်းဒေသ (ကကယာ-၂) ကွန်ကရစ်ကုန်ထုတ်လမ်းတွင် အရေးပါသော တံတားလေးစင်းကို သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



### လွယ်ကူစွာသွားလာနိုင်

အဆိုပါ တံတားလေးစင်း ပြီးစီးသွားပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များအတွက် ကျေးလက်လမ်း ကွန်ရက်များ အသုံးပြု၍ လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

---

## ကျိုက်မရောမြို့နယ်၌ မုန်တိုင်းဘေးနှင့် ရေဘေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျိုက်မရော ဇွန် ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ရန်မျိုးအောင်ရပ်ကွက် အေးမြသာစည်လမ်း၌ မုန်တိုင်းဘေးအန္တရာယ် မြေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဇာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။

### လက်တွေ့ပြသဆောင်ရွက်

ဇာတ်တိုက် လေ့ကျင့်ရာတွင် ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ သတင်းရရှိသည်နှင့်တစ်ပြိုင်နက် ယာဉ်အုပ်စုများဖြင့် အခင်းဖြစ်ပွားရာနေရာသို့ ထွက်ခွာပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် နေအိမ်တွင်းပိတ်မိပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ကူညီရှာဖွေကယ်ဆယ်ပေးခြင်း၊ မုန်တိုင်းဘေး အန္တရာယ်ကြောင့် သစ်ပင်များအောက်တွင် ပိမိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ဒဏ်ရာရရှိသူများအား ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာအသက်ကယ်နည်းတို့ကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



---

## ဥတုရာသီ တောကိုမှီ၍

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝ အကာအကွယ်ပေးထား

## အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုးလက်ခံပြီး၊ နိုင်ငံတော်၏စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ MSMEs လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများဆောင်ရွက်ခြင်း စသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးလျက်ရှိကြောင်းကို ပြည်သူများ စိုးရိမ်မှုမရှိစေရန် မကြာခဏ ထုတ်ပြန်ပေးနေပါသည်။

ယခုအခါ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော အဖျက်သမားမီဒီယာများနှင့် အဖျက်သမားအုပ်စုသည် Facebook Page များဖြစ်သော Yan Paing Soe၊ Dean Kyne၊ YouTube Channel များဖြစ်သော Yebaw Shan Lay၊ Big Boss၊ Rc David၊ Khit Thit Media တို့သည်လည်း မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ အဖျက်သမားများက အစိုးရနှင့် အများပြည်သူအကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်၍ မကြာခဏ ရေးသားဖြန့်ဝေနေသော လူမှုကွန်ရက်စာမျက်နှာများကို လက်ခံယုံကြည်ခြင်းမရှိရန်နှင့် စိုးရိမ်ပူပန်စရာမလိုကြောင်း ပြည်သူလူထုအနေဖြင့်လည်း အဖျက်သမားမီဒီယာများ၊ အဖျက်သမားအုပ်စုများကို ဝိုင်းဝန်းတိုက်ဖျက်ရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားမှု ပြောကြားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ်ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း၊ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝ အကာအကွယ်ပေးထားပါကြောင်း** ထပ်မံအသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၅-၆-၂၀၂၄)

# ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အားကစားနည်းပြ မွမ်းမံသင်တန်း(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အားကစားနည်းပြ မွမ်းမံသင်တန်း(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ အားကစားနည်းပြ၊ အားကစားမှူး၊ အားကစားတာဝန်ခံနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ကျောင်းတွင်းပြိုင်ပွဲများ လုပ်ဆောင်ရမည်**

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က ဤသင်တန်းမှ အားကစားနည်းအလိုက် မိမိမသိရှိသေးသည့် အကြောင်းအရာများ၊ အခေါ်အဝေါ်များ၊ ကစားနည်းအခြေခံ နည်းစနစ်အကြောင်းအရာများ၊ နည်းစနစ်နည်းပရိယာယ်၊ နည်းဥပဒေများ၊ အသိပညာနှင့်ဗဟုသုတများ တိုးပွားရရှိမည်ဟုယုံကြည်ပါကြောင်း၊ ယခုနှစ်တွင် အားကစားမှူးများ၊ အားကစားနည်းပြများ သက်ဆိုင်ရာ တက္ကသိုလ် အသီးသီးကို ပြန်ရောက်လျှင် ကျောင်းဖွင့်ကာလ ကျောင်းတွင်းပြိုင်ပွဲများ လုပ်ဆောင်ရမည်ဖြစ်ပြီး နေပြည်တော်တွင် ဇူလိုင်လတွင် ကျင်းပမည့် ဇုန်အလိုက်ပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံပြိုင်ပွဲများ လာရောက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ပညာရေး သုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ Naypyitaw State Academy သို့ ရောက်ရှိပြီး ဆရာ ဆရာမ၊ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Naypyitaw State Academy မှ သင်ကြားရေးရာ ဆရာ ဆရာမများ၊ စီမံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယမန်နေ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော်တွင် စဉ်းစားတွေးခေါ်မှုကိုအားပေးသော၊ အရည်အသွေးပြည့်ဝသည့်သင်ကြားသင်ယူမှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကိုမြှင့်တင်ပေးနိုင်မည့် အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ်တစ်ခုအဖြစ်ရည်မှန်း၍ Naypyitaw State Academy ဖွင့်လှစ်ခဲ့ခြင်းကို ထည့်သွင်းမိန့်ကြားခဲ့ပါကြောင်း၊ ရည်မှန်းချက်နှင့်အညီ သင်ကြားသင်ယူမှုအရည်အသွေးမြှင့်တင်ရေးအပြင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုအားပေးရေးအတွက် ဝန်ကြီးဌာနနှင့် ပညာရှင်ပါမောက္ခများ လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်ဂျီတီအိုင်၌ EV ဆရာဖြစ်သင်တန်း (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၅**

လျှပ်စစ်သုံးယာဉ် ဆရာဖြစ်သင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက် အမှာစကားပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးထံ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး EV အလုပ်ရုံရှိ အဆင့်မြင့်သင်ထောက်ကူပစ္စည်းများ၊ စက်မှုအင်ဂျင်နီယာဌာန အလုပ်ရုံရှိ စက်ရုပ်နှင့် ကျောင်းသားများက World Youth Skills Day 2024 Innovation Project ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် Gasifier သုတေသန ပရောဂျက်၊ စတင်ဖွင့်လှစ်သည့် သင်တန်းများတွင် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ကျောင်းဥပမိရပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်း(မင်္ဂလာဒုံ)သို့ ရောက်ရှိပြီး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ရရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ကုန်ထုတ် MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးသည် ပြည်သူများ၏ စားရေရိက္ခာ ဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် အခရာကျပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အကျိုးပြု စက်မှုကျွမ်းကျင် လုပ်သားများ၊ နည်းပညာရှင်များ ဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားပြီး စက်မှုဘာသာရပ် ကျောင်းသား ကျောင်းသူများထံ ပုံနှိပ်စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်းများကို ယခင် ပညာသင်နှစ်က ၅၁ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ကာ စုစုပေါင်း ၈၅ ကျောင်း ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၌ စတင်ဖွင့်လှစ်သည့် သင်တန်းများမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး တိုးတက်ပြောင်းလဲမှု မြန်ဆန်နေသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းနှင့် အတူ လိုက်ပါနိုင်ရေးနှင့် နိုင်ငံ့အကျိုးပြု IT ပညာရှင်လူငယ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများက နိုင်ငံတကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်နေသည့် သုတေသန ပရောဂျက်များကို ကြည့်ရှုအားပေးကာ AI (Artificial Intelligence) ကို အသုံးချသည့် Smart Agriculture၊ Cyber Security၊ EV၊ Industrial Engineering၊ E-commerce နှင့် Healthcare ဆိုင်ရာ သုတေသနများကို မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၅

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (အလက-၁)နှင့် စာပန်းအိမ် ကိုယ်ပိုင် ကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်း၊ စာသင်ဆောင်များ၊ သင်ကြားသင်ယူနေမှုများ၊ ကျောင်းစာကြည့်တိုက်များနှင့် ကျောင်းဝင်းအတွင်း ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများ၊ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိကျောင်းခန်းမတွင် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကကျကြောင်း၊ ကျောင်းသားကျောင်းသူများ အမှန်တကယ်ပညာ တတ်မြောက်ရေးသည် အလွန်ပင် အရေးကြီးကြောင်း၊ နိုင်ငံအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးအတွက် ပညာရေးကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြမှသာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းရောက်ရှိရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်နှင့် အနိမ့်ဆုံး KG+9 (အခြေခံပညာ အလယ်တန်းအဆင့်)ပြီးမြောက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများအတွက် ခရိုင်အလိုက် ဖွင့်လှစ်ထားရှိသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် မိမိတို့စိတ်ပါဝင်စားရာ ဘာသာရပ်အလိုက် တက်ရောက်သင်ယူနိုင်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့်ပတ်သက်၍ အလယ်တန်းအဆင့် ကျောင်းသားများကို ရှင်းလင်းပြောကြားပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော ပညာတတ်လူတော်လူကောင်းများ ပြုစုပျိုးထောင် မွေးထုတ်ပေးစေလိုကြောင်း၊ ပညာတတ်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော ကျောင်းသား ကျောင်းသူများဖြစ်ပါမှ နိုင်ငံတော်က အားထားရသူများဖြစ်လာမည် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းအုပ်ကြီးများ၏ တင်ပြလာမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေ ၂၃ ရက်မှ ဇွန် ၅ ရက်အထိ အခြေခံပညာကျောင်းသား ကျောင်းသူ ၆၇၈၂၃၆၂ ဦး လာရောက်အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများလည်း သက်ဆိုင်ရာ ကျောင်းများသို့ လာရောက် ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းပေါင်းစုံမွှေး

❖ ကျောင်းနေအရွယ်
မောင်မယ်တို့ ရွှင်မြူး။
အပူငြိမ်းစေတဲ့
အဖြူအစိမ်း အတူဆင်လို့
နဂိုယဉ် ချိုလွင်လှတယ်
မြင်ရကြည်နူး။
❖ ကျောင်းနေအရွယ် မောင်မယ်များက
နောင်ဝယ်အား ရတနာ၊
နောင်အခါ အရာရောက်လို့
ထွန်းတောက်ဖို့ရာ၊
အသိနှင့်အတတ်ယှဉ်ကာ
မြတ်ပညာ သင်ယူဖို့။
ကျောင်းနေအရွယ် မောင်မယ်အပေါင်းကို
ကျောင်းရောက်အောင်ပို့။
❖ ကျောင်းနေအရွယ် အပေါင်းအဖော်တို့
ကျောင်းတော်သို့ သွားစို့ကွယ်၊
ကျောင်းတော်သာ ဆရာဆရာမတွေက
တို့တစ်တွေ ပညာရအောင်
သင်ပြနေတယ်၊
လူ့နေမှု နယ်ပယ်
ကျင်လည်ဖို့ မြော်တွေး။
ပညာ အခြေခံကောင်းတွေနဲ့
အခြေခံ ပညာကျောင်းတွေက
ပန်းပေါင်းစုံမွှေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# မော်လမြိုင်မြို့၌ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံ ရှင်းလင်းခြင်းသင်တန်းပို့ချ

မော်လမြိုင် ဇွန် ၅

ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံ ရှင်းလင်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၄ ရက်က မော်လမြိုင်မြို့ ပြည်နယ်စာရင်းအင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




### ပြောကြား

အခမ်းအနားတွင် မွန်ပြည်နယ် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ လုပ်ငန်းကော်မတီ ၁၁ ခုအနက် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီကို မွန်ပြည်နယ် အစိုးရအဖွဲ့က ၁၃-၃-၂၀၂၃ ရက်တွင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၄) ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး ကော်မတီများသည် မေးခွန်းလွှာပုံစံကို ဒေသအလိုက် သက်ဆိုင်ရာဌာနများမှ တာဝန်ပေးမည့်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား ဆင့်ပွားသင်တန်းများ ပေးထားရန် ဆုံးဖြတ်ချက်အရ သင်တန်းပို့ချရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပါက ဖြည့်စွက်ရန် ကဏ္ဍ ၁၇ ခုအား ဌာနအလိုက် ဖြည့်သွင်းရမည်ဖြစ်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား ပို့ချပေးခြင်းဖြစ်၍ ခရိုင်/မြို့နယ်ရှိ ဌာနများသို့ ထပ်ဆင့်ဆင့်ပွားသင်တန်း ပြန်လည်ပို့ချပေးပါရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ ပြည်နယ်တာဝန်ခံ ဒေါ်တင်ချိုကြူကြူခိုင်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

### ရှင်းလင်းပို့ချပေး

အဆိုပါ သင်တန်းကို ဇွန် ၄ ရက်မှ ၅ ရက်အထိ တစ်ရက်လျှင် ဌာန ၄၆ ခုနှင့် နှစ်ရက်ခွဲပြီး ဌာနဆိုင်ရာ ၉၂ ခုမှ ဝန်ထမ်း ၉၂ ဦးအား ကော်မတီအတွင်းရေးမှူးရုံး ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများက စာရင်းဖြည့်သွင်းခြင်း လုပ်ငန်းစဉ်များအား ရှင်းလင်းပို့ချပေးသွားမှာဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်



မကွေး ဇွန် ၅

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အသိပညာပေး Video Clip နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၊ အမှုဆောင်ညွှန်ကြားရေးမှူး၏ Video Clip တို့ကို ပြသခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆု၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုနှင့် အခြေခံပညာအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်ပြဘုတ်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ပဲခူးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၅ ရက် နံနက်ပိုင်းက "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လူသားတို့ မှီတင်းနေထိုင်သည့် ကမ္ဘာကြီးထာဝစဉ်စိမ်းလန်းစိုပြည်ပြီး ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် သဘာဝသယံဇာတများကို ထိန်းသိမ်းခြင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်ပြီး သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် လူသားတိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတကြွယ်ဝစွာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ အလေ့အကျင့်ကောင်းများကျင့်သုံး၍ တက်တက်ကြွကြွပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအား သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းယှဉ်ပြိုင်ရာ၌ ပထမဆုရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် အထူးဆုရရှိသည့် ကျောင်းအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စိမ်းလန်းစိုပြည်သောကျောင်း အလယ်တန်းအဆင့် အထူးဆုရရှိသည့် ကျောင်းအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက စိမ်းလန်းစိုပြည်သောကျောင်း မူလတန်းအဆင့် အထူးဆုရရှိသည့် ကျောင်းအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များအား ချီးမြှင့်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ/ အလုပ်ရုံဆုရရှိသည့် စက်ရုံတာဝန်ရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများအား ချီးမြှင့်ခဲ့ကြသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်သီချင်းတို့အား ကြည့်ရှုခဲ့ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကာ ပြခန်းအတွင်း ပြသထားသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ပုသိမ် ဇွန် ၅

ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ်ဝင်းတွင် ကျင်းပခဲ့ရာ သစ်ပင်စိုက်ပျိုးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်စိုက်ပျိုးခဲ့ကြသည်။

၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော အင်အား ၆၀၀ က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ မန်ဂျန်အစရှိသည့် ပျိုးပင်ပေါင်း ၁၀၁၂ ပင်အား တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ် သမိုင်းပညာဌာန၊ ငုဝါဆောင်နှင့် ဥပဒေပညာဌာန စကားဝါဆောင်တွင် ယမန်နှစ်က စိုက်ပျိုးခဲ့သည့် ငုဝါပင်နှင့် စကားဝါပင်များ၊ ရုက္ခဗေဒဌာန ချယ်ရီဆောင်တွင် ချယ်ရီပင်များ၊ ရူပဗေဒဌာန ပိတောက်ဝါဆောင်တွင် ပိတောက်ပင်များအား ဌာနအလိုက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြုစုပျိုးထောင်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ပြီး တက္ကသိုလ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ တက္ကသိုလ်လမ်းဘေးဝဲယာတွင် အရိပ်ရအပင်များ၊ ပန်းအလှပင်များ ပိုမိုစိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီးသစ်ပင်များအား ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

တာချီလိတ် ဇွန် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးသူရဇော်လွင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုဖော်ပြသည့် ဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဗိုလ်မှူးကြီး သူရဇော်လွင်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**



# နိုင်ငံတစ်ဝန်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပမှု မြင်ကွင်း

နေပြည်တော် ဇွန် ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးနှင့် သစ်တော၊ သစ်ပင် တန်ဖိုးများကို အများပြည်သူများ အလေးထားသိရှိနိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့မှုများကို စုစည်းဖော်ပြအပ်ပါသည်-


လပွတ္တာမြို့နယ်
မှုမှု


သထုံမြို့နယ်
ခရိုင်(ပြန်/ဆက်)


ကျွန်းစုမြို့နယ်
ထက်မြင့်(ကျွန်းစု)


ဘီးလင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပုလောမြို့နယ်
အေးအေးမော် (ပုလော)



သံဖြူဇရပ်မြို့နယ်
မြို့နယ် (ပြန်/ဆက်)


မုဒုံမြို့နယ်
အောင်မျိုးသူ(ပြန်/ဆက်)


သဲကုန်းမြို့နယ်
မြို့နယ် (ပြန်/ဆက်)


ဝမ်းတွင်းမြို့နယ်
မြို့နယ် (ပြန်/ဆက်)


ဓနုဖြူမြို့နယ်
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


တာချီလိတ်မြို့
သန်းဇော်(ပြန်/ဆက်)


ဒေးဒရဲမြို့နယ်
၂၀၇

# မုံရွာမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**မုံရွာ ဇွန် ၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့ တိုင်းဒေသကြီးအနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ များ ပျက်စီးဆုံးရှုံးမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်စဉ်များအား လျှော့ချနိုင်ရေး မြေယာပြန်လည် ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး အလွန်ပင် အရေးကြီးကြောင်း၊ တိုင်းဒေသကြီး အစိုးရအနေဖြင့် သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းအား ပြန်လည်တိုးတက်စေရန်အတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန များနှင့်အတူ အကောင်အထည် ဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip နှင့် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်က ပေးပို့သည့် သဝဏ် လွှာ Video Clip တို့အား ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အဆင့် သန့်ရှင်း၍ စိမ်းလန်း စိုပြည်မှုဆု ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် အခြေခံ ပညာကျောင်းများမှ ကျောင်းအုပ် ကြီးများအား ဂုဏ်ပြုဆုလက်မှတ် နှင့် ချီးမြှင့်ငွေများအား လည်း ကောင်း၊ တိုင်းဒေသကြီး တရား သူကြီးချုပ်က ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုကောင်းမွန်သော စက်ရုံ/ အလုပ်ရုံ/ လုပ်ငန်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုဆု လက်မှတ်နှင့် ချီးမြှင့်ငွေများအား လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက နိုင်ငံ့ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ အမှုထမ်းအဆင့် ရေးဖြေစာမေးပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိ ကြသည့် ဝန်ထမ်းများအား ဂုဏ် ပြုဆုလက်မှတ်နှင့် ချီးမြှင့်ငွေများ အားလည်းကောင်း ပေးအပ်ချီးမြှင့် ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခန်းမအတွင်းပြသ ထားသော ရေ၊ မြေ၊ လေ တိုင်းတာ ရေး စက်ကိရိယာများ၊ ပတ်ဝန်း ကျင်ထိန်းသိမ်းရေး နည်းဥပဒေ၊ ဥပဒေစာအုပ်များနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများအား လိုက်လံ ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ




**မိုင်းဆတ် ဇွန် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက (မိုင်းဆတ်) မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အမှာ စကားပြောကြားပြီး ကျောင်း သား ကျောင်းသူများ ဗဟုသုတရရှိ စေရန် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ် (UNEP)မှ အမှုဆောင် ညွှန်ကြားရေးမှူး၏ ကမ္ဘာ့ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ အထိမ်း အမှတ် ဗီဒီယိုကလစ်အား ပြသ သည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်ကိုက ၂၀၂၄ ခုနှစ် ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ် သည့် "သဲကန္တာရတိုက်ဖျက်ရေး နှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်အား ရှင်းလင်းဆွေးနွေး သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အမှတ်(၁၄) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းကျော် သန့်၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမော်မော်ကို နှင့် တာဝန်ရှိသူများက ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆု ငွေများပေးအပ်ရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကာ ပြသထားသည့် အသိပညာပေး နံရံကပ်ဘုတ်များ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **မြင့်မောင်(မိုင်းဆတ်)**

# ဟားခါးမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**ဟားခါး ဇွန် ၅**

ဧရာဝတီ တိုင်းဒေသကြီး ဟားခါးမြို့နယ်တွင် ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကနောင်စု ရပ်ကွက် တိုက်ကျောင်းလမ်းရှိ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟားခါး ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနခေတ္တခရိုင် အုပ်ချုပ်ရေးမှူး ဦးသူရိန်က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့



တက်ရောက်လာကြသူများအား ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော ကမ္ဘာ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Message Video Clip အား ပြသ ခြင်းနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ အထိမ်း အမှတ် Video Clip အား ပြသခြင်း များဆောင်ရွက်ကြပြီး ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနမှ ခင်းကျင်းပြသထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ နံရံကပ်ပိုစတာများ၊ ဆောင်ရွက်ချက်မှတ်တမ်းဓာတ် ပုံများအား ခေတ္တခရိုင်အုပ်ချုပ်ရေး မှူးနှင့် တက်ရောက်လာကြသူများ က လိုက်လံလေ့လာကြည့်ရှုကြ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနား ပြုလုပ်

**ကော့သောင်း ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနား ကို ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ရှိ မဇ္ဈူသကခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)၏ ဗီဒီယို၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုများ ပြသခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်း အမှတ်ဆောင်ပုဒ်ဖြစ်သော "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများ အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခန်းမ အတွင်း ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ခင်းကျင်းပြသထားသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကလေးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**ကလေး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကလေးခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့် က အမှာစကားပြောကြားပြီး ကလေးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်နှင့်ပတ်သက်သည့် ဗီဒီယို များပြသခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဆောင်ရွက် သည့် အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းဆောင်ရွက်မှုများ၊ Online Talk Show ဆွေးနွေးပွဲ မှတ်တမ်းများနှင့် စာအုပ်စာစောင်ပြသထား ရှိမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကျောက်ဆည်စက်မှုနယ်မြေရှိစက်ရုံ ကြည့်ရှုစစ်ဆေး






နေပြည်တော် ဇွန် ၅

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန် ၁ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် စက်ဘီးစက်ရုံ (ကျောက်ဆည်)၊ အပ်ချုပ်စက်စက်ရုံ (ကျောက်ဆည်)၊ ဖိနပ်စက်ရုံ (ကျောက်ဆည်)၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်) နှင့် သောက်ရေသန့်စက်ရုံခွဲ (ကျောက်ဆည်)တို့သို့ ရောက်ရှိပြီး စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံများကို ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး အတွက် လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ရေး ကြိုးစား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စက်ရုံ ငှားရမ်းစာချုပ်ပါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန် အစားထိုး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးစား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်စေရေးအတွက် ထုတ်လုပ်မှု နည်းစဉ်တစ်လျှောက်တွင် စစ်ဆေးသည့်နေရာများ သတ်မှတ် ဆောင်ရွက်ရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံများအလိုက် ရေးဆွဲထားရှိသည့် မီးဘေးလုံခြုံရေးစီမံချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူကိုအလုပ်အကျွေးပြုနိုင်ရေး ကြိုးစား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးများ တိုးတက်မြင့်မားစေရေးအတွက် လေ့လာသင်ယူမှု လုပ်ငန်းများကို အစဉ်အမြဲ ဆောင်ရွက်နေရမည် ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံငှားရမ်းထားရှိသည့် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်




နေပြည်တော် ဇွန် ၅

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ မင်းရဲကျော်စွာ အားကစားခန်းမ၌ ပြုလုပ်ရာ ပြင်ဦးလွင်တပ်နယ် တပ်နယ်မှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တပ်ဆင်အပ်နှင်း**

ဦးစွာ တပ်နယ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တပ်နယ်မှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်တည်ဆောက်မည့်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို တိုက်တွန်း

ဂျကာတာ ဇွန် ၅

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်တည်ဆောက်မည့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ယမန်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

မြို့တော်ဂျကာတာမှ ကီလိုမီတာ ၂၀၀၀ ခန့်အကွာ ဘော်နီယိုကျွန်းရှိ အရှေ့ကာလီမန်တန်ပြည်နယ်ရှိ နေရာတစ်ခုသို့ ပြောင်းရွှေ့ရန် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါမြို့တော်သစ်ကို "နူဆန်ထရာ" ဟု အမည်ပေးထားသည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည် ဇွန် ၅ ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ကျင်းပသည့် ရုံးခန်းအဆောက်အအုံများနှင့် အခြားအဆောက်အအုံများ အတွက် အုတ်မြစ်ချခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မြို့တော်သစ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်အတွက် ကြီးမားသောအခွင့်အလမ်းဖြစ်ကြောင်း ဂျိုကိုဝီဒိုဒိုက ပြည်တွင်းနှင့် ပြည်ပစီးပွားရေးလုပ်ငန်းများကို ရန်ပုံငွေပိုမိုရရှိရန် တောင်းဆိုခဲ့သည်။

စီမံကိန်း၏စုစုပေါင်းကုန်ကျစရိတ်မှာ ဒေါ်လာ ၃၃ ဒသမ ၄ ဘီလီယံခန့်ရှိကြောင်း အင်ဒိုနီးရှားအစိုးရအရာရှိများက ပြောသည်။

ကုန်ကျစရိတ်၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားရင်းမြစ်များမှရရှိသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းကို အဆင့်ငါးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်တွင် သမ္မတအိမ်တော်ကို အဆိုပါနေရာ၏ အလယ်ဗဟိုတွင် တည်ဆောက်မည်ဖြစ်သည်။

အစိုးရက ဩဂုတ်လတွင် နိုင်ငံ၏ လွတ်လပ်ရေးနေ့ အခမ်းအနားကို သမ္မတအိမ်တော်သစ်၌ ကျင်းပရန် ရည်ရွယ်ထားသည်။

အင်ဒိုနီးရှား လွတ်လပ်ရေး နှစ် ၁၀၀ ပြည့်သည့် ၂၀၄၅ ခုနှစ်တွင် ရွှေ့ပြောင်းနေရာချထားမှုကို အပြီးသတ်ရန် ရည်ရွယ်ထားသည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်၏ ရန်လိုသည့်သဘောထားများကြောင့် ကမ္ဘာ့အရေးတွင် တင်းမာမှုများမြင့်တက်နေဟု မဟာသီယာမိုဟာမက် ပြောကြား

တိုကျို ဇွန် ၅

အမေရိကန်၏ရန်လိုသည့်သဘောထားများကြောင့် ကမ္ဘာ့အရေးတွင်တင်းမာမှုများ မြင့်တက်နေကြောင်း မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က နစ်ကိုင်းအေးရှားသတင်းစာနှင့် တွေ့ဆုံစဉ် သတိပေးပြောကြားခဲ့သည်ဟု ယမန်နေ့ဆင်ဟွာ သတင်းအရ သိရသည်။

**ပြောကြား**

အမေရိကန်သည် အတိတ်ကာလတွင်ဖြစ်ပွားခဲ့သည့် စစ်ပွဲများမှ သင်ခန်းစာများ ရယူခြင်းမရှိခဲ့ကြောင်း တိုကျိုတွင်ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲတွင် ၎င်းကနစ်ကိုင်းအေးရှားသတင်းစာကို မှတ်ချက်ပြုပြောကြားခဲ့သည်။ အမေရိကန်သည် ၎င်းအား စိန်ခေါ်သူများကို ရန်သူအဖြစ်သတ်မှတ်နေခြင်းကြောင့် အီရန်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့နှင့် မသင့်မြတ်မှုများဖြစ်ပွားနေရခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အမေရိကန်သည် စစ်အေးကာလပြီးနောက်ပိုင်း ၎င်း၏ကမ္ဘာ့ဇာတ်ခုံမှနေရာကို ဆက်လက်ထိန်းသိမ်းထားလိုပြီး တရုတ်အပါအဝင် တိုးတက်သည့်ကမ္ဘာ့နိုင်ငံများကို ရန်သူများအဖြစ် သတ်မှတ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် လက်ရှိဖြစ်ပွားနေသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခအပါအဝင် ကမ္ဘာပေါ်ရှိတင်းမာမှုများ၏ အကြောင်းရင်းခံမှာ အနောက်နိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ အမေရိကန်သည် ကမ္ဘာတွင် လက်နက်ထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံ ဖြစ်နေခြင်းကြောင့် စစ်ပွဲများဖြစ်ပွားခြင်းကို လိုလားကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေး-ပါလက်စတိုင်းအရေးတွင် တရားမျှတမှုမရှိသည့် အစ္စရေး၏ဆောင်ရွက်ချက်များကို အမေရိကန်က မျက်ကွယ်ပြုနေကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်နှင့် အနောက်နိုင်ငံများသည် ကမ္ဘာပေါ်ရှိမတရားမှုများကို မျက်ကွယ်ပြုနေကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ ဟာဖီယာဒေသကို တိုက်ခိုက်ခဲ့ကြောင်း ရီးယိုက်စစ်သွေးကြွအဖွဲ့ ပြောကြား

ဘဂ္ဂဒက် ဇွန် ၅

အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ ဟာဖီယာဒေသကို တိုက်ခိုက်ခဲ့ကြောင်း အီရတ်ရှိ ရီးယိုက်စစ်သွေးကြွအဖွဲ့က ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။ ဟာဖီယာဒေသအား ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရီးယိုက်စစ်သွေးကြွများက ပြောကြားခဲ့သော်လည်း မည်သည့်နေရာကို ပစ်မှတ်ထားကြောင်းကိုထုတ်ဖော်ပြောကြားခြင်းမရှိချေ။ ယခုတိုက်ခိုက်မှုသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းများနှင့် တစ်သားတည်းရပ်တည်ကြောင်း ပြသခြင်းဖြစ်သည်ဟု ၎င်းတို့က ထပ်လောင်းပြောကြားသည်။ မကြာသေးမီကလည်း အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အီလပ်ဒေသအား ရီးယိုက်စစ်သွေးကြွများက တိုက်ခိုက်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးနှင့် အမေရိကန်အား ရီးယိုက်စစ်သွေးကြွများက တိုက်ခိုက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ လည်းကောင်း နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန် သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည်အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် မေလအတွင်း သတင်းရရှိမှု ၇၉ ကြိမ် ရရှိခဲ့ပြီး သတင်းမှားခုနစ်ကြိမ်၊ နောက်ကျသတင်းတစ်ကြိမ်နှင့် သိမ်းဆည်းရမိမှု ၇၁ ကြိမ်ဖြစ်ပါသည်။ သိမ်းဆည်းရမိမှု အမှုတွဲ ၁၀၇ မှု ဖွင့်လှစ်ထားပြီး သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၆၆ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၄၂၈၀ ဒသမ ၅၄၄ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိခဲ့သည်။



၂၀၂၄ ခုနှစ် မေလအတွင်း ဖမ်းဆီးရမိမှု။

၂၀၂၄ ခုနှစ် မေလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု တန်ဖိုးငွေကျပ် ၄၂၈၀ ဒသမ ၅၄၄ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၅၆ ဒသမ ၁၀၉ သန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သတင်းပေးဆုကြေးအဖြစ် ငွေကျပ် ၁၁၆၈ ဒသမ ၄၈၈ သန်း အား ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလအထိ သတင်းပေးဆုကြေးအဖြစ် ငွေကျပ် ၃၈၀ ဒသမ ၉၆၈ သန်းကိုလည်း ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မြန်ဆန်ဆန်ချီးမြှင့်နိုင်ရေး ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍လည်း လစဉ်သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း -၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ဖန်စီလက်ဝတ်ရတနာ ကီလိုဂရမ် ၁၁၀၊ ခေါင်းဘီးမျိုးစုံ ၂၀၈၆ ကီလိုဂရမ်နှင့် တရုတ်နိုင်ငံထုတ် GI Hollow Pipe ၁၈၉၆၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းငါးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၂၄၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဇွန် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း နှစ်မိုင် လေးဖာလုံအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၇၅၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Noah ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ လှည်းကူးမြို့နယ် အဝိုင်းကျေးရွာနှင့် မလစ်(အနောက်)ကျေးရွာကြား၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၃ ဒသမ ၁၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၂၈၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် တာဂွကျေးရွာ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ်(၄၅) အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၆၀၀)ကိုလည်းကောင်းစုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၂၁၁၅၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၇၆၂၃၆၃၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မိန်းကလေးများကို တရုတ်ဇနီးမယားအဖြစ် ရောင်းစားခြင်းနှင့် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၅

မိန်းကလေးများကို တရုတ်ဇနီးမယားအဖြစ် ရောင်းစားခြင်းနှင့် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မိုင်းဇင်းအုပ်စုနေ မ ---၊ ၁၅/၂၃ နှစ်အား တစ်မြို့နယ်တည်းနေ အားမီးရှဲ(ခ)ပီတို့လို့(ခ)မီရှဲလဲ(လိင်ပြောင်း)က အထူးဒေသ(၂) မိုင်းပေါက်မြို့တွင် အိမ်အကူအလုပ်အား တစ်လလျှင် စားစရိတ်ငြိမ်း တရုတ်ငွေယွမ် ၁၀၀၀ ရရှိမည်ဟု လိမ်လည်စည်းရုံးပြောဆို၍ တရုတ် ဇနီးမယားအဖြစ် တရုတ်ငွေယွမ် ၃၀၀၀၀ ဖြင့် ရောင်းစားကာ ရရှိသောအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်း (ပ) ၃၂၂/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ တရားရုံးမှ ဇွန် ၄ ရက်တွင် တရားခံ အားမီးရှဲ(ခ) ပီတို့လို့ (ခ)မီရှဲလဲ(လိင်ပြောင်း)အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ ဒေါ်သန်းသန်းထွေး၊ မနီ(ခ)နီနီဝေနှင့် မဇူလိုင်မိုးဦး (ခ)နှင်းသဇင်ဦး၊ သူရစိုး (ခ) ရရ တို့က တစ်မြို့နယ်တည်းနေ မ---၊ ၁၈/၂၀၂၃ နှစ်နှင့် မ---၊ ၁၉/ ၂၀၂၃ နှစ်တို့အား ဘဝရပ်တည်ရန် ခက်ခဲသောအခြေအနေကို အခွင့်ကောင်းယူကာ တရုတ်ပြည်နယ်စပ်ရှိ စားသောက်ဆိုင်တွင် တစ်လ ယွမ် ၂၀၀၀ နှင့်ညီမျှသော မြန်မာငွေကျပ် ကိုးသိန်း ရမည်ဟု စည်းရုံးပြောဆို၍ “၀”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်းဆန်း-မိုင်းပေါက်မြို့ရှိ ခြူးခြူးအနှိပ်ခန်း၌ ပြည့်တန်ဆာအဖြစ်အဓမ္မခိုင်းစေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် မြိတ်မြို့မရဲစခန်း (ပ) ၂၇၇/ ၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ ကလေးသူငယ်တရားရုံးမှ မေ ၂၄ ရက်တွင် ကလေးသူငယ် တရားခံ သူရစိုး(ခ)ရရ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ-၈၈ (ဂ) အရ ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ဇွန် ၄ ရက်တွင် တရားခံ ဒေါ်သန်းသန်းထွေး၊ မနီ(ခ) နီနီဝေနှင့် မဇူလိုင်မိုးဦး (ခ) နှင်းသဇင်ဦး တို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီ ကျခံစေရန် တရားရုံးမှ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မတ္တရာမြို့နယ်၌ လူငယ်သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရှမ်းမြောင်းကျေးရွာအနီးတွင် လူငယ်သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၄ ရက်တွင် သတ်ဖြတ်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်နေ့တွင် ရှမ်းမြောင်းကျေးရွာနှင့် အနီးဝန်းကျင်သို့ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းနှင့် သွားရောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများက မနာလိုမရှုဆိတ်ဖြင့် အပြစ်မဲ့ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် ဝါဒဖြန့်လှုံ့ဆော်ရေးသားနေခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နီးစပ်ရာလုံခြုံရေးတပ်စခန်းများသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်




# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# မွန်ပြည်နယ် ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်



မော်လမြိုင် ဇွန် ၅

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်မှ ပေးပို့သော သဝဏ်လွှာအား မွန်ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က ဖတ်ကြားပြီး မွန်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ (၈)လမ်း၊ အမှတ်(၂၃၀) ဟုခေါ်တွင်သည့် (၆)ထပ်တိုက်ရှိ အလျား(၅၄)ပေx အနံ(၁၇)ပေခန့်ကျယ်ဝန်းသော မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းအားလုံးတို့၏ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးခင်မောင်လတ် [၁၂/မရက(နိုင်)၀၉၄၉၃၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်စိုးပိုင် [၁၃/လလန(နိုင်) ၁၀၅၇၈၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ဦးခင်မောင်လတ်သို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဦးခင်မောင်လတ်၏ ရောင်းချခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းတင် ဒေါ်ဖြူဖြူဇော်**
**(အထက်တန်းရှေ့နေ)(စဉ်–၂၀၈၁၉) (တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၁၄၇၉)**
**အမှတ်–၂၉၊ တတိယထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၅၀၀၂၉၈၅၂၊ ၀၉–၄၅၀၅၈၀၁၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၄၊ မြေကွက်အမှတ်– ၁၁၃၃၊ မြေကွက်တည်နေရာအမှတ်– ၁၁၃၃၊ နဝရတ်(၃)လမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံတောင် ဦးတင်လှ (CD–၀၅၂၈၈၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်လှအား တရားပြိုင်ထားကာ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်– ၅၁/၂၀၂၃ ခုနှစ်တွင် ၁။ ဒေါ်ချောချောစု၊ ၂။ ဦးမျိုးမြင့်တို့မှ တရားလိုများပြုလုပ်၍ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၂၄–၁၁–၂၀၂၃)ခုနှစ်တွင် ချမှတ်သည့် အနိုင်ဒီကရီ၊ တရားမဇာရီမှု အမှတ်– ၁/၂၀၂၄ ၏ နေ့စဉ်မှတ်တမ်း၊ (၉–၁–၂၀၂၄)ခုနှစ်တွင် ဘီလစ်ခန့်အပ်ရန် ချမှတ်သည့် ထုံးပုံကျ အပြီးသတ်အမိန့်၊ မင်္ဂလာဒုံမြို့နယ်တရားရုံး (၁၇–၁–၂၀၂၄) ရက်စွဲပါ စာအမှတ်– ၃၄/၅–၁/၂၀၂၄ ၏ ဘီလစ်ခန့်စာ၊ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘဏ်နှင့်ဆောင်ရွက်ဆဲမှတ်ချက်နှင့်ပတ်သက်၍ အမည်ပေါက်ဖြစ်သူ ဦးတင်လှမှ (၁၂–၁–၂၀၁၁)ရက်နေ့တွင် မြန်မာ့စီးပွားရေးဘဏ်၌ ငွေအကျေပေးဆပ်ခဲ့သည့် ပြေစာမိတ္တူကိုသာ မိမိတို့နှင့် အရောင်းအဝယ်ပြုလုပ်စဉ်ကတည်းက ဂရန်မူရင်းပေးအပ်ခဲ့ပါကြောင်း မြန်မာ့စီးပွားရေးဘဏ်တွင် ချေးယူခဲ့ခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့ အလုံးစုံတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၁၈၇/၂၀၂၄ (၂–၂–၂၀၂၄) တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်အုတ်ညှပ် (၂)လုံးရှိပြီး တရားနိုင် ဒေါ်ချောချောစု၊ ဦးမျိုးမြင့်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၄)လမ်းနှင့် ဝေပုလ္လလမ်းထောင့်၊ အမှတ်–၁၆၄(က/ခ)၊ ဧရိယာအကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေပိုင်ရှင် ဦးဌေးဝင်း ဂရန်အမည်ပေါက်ဖြင့်ထွက်ရှိထားသော မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ ကန်ထရိုက်တာ ရရှိသည့်အခန်းမှ တတိယထပ်(၄လွှာ) (ခေါင်းရင်းဘက်အခြမ်း) တိုက်အားမျက်နှာမူ၍ကြည့်လျှင် ညာဘက်အခြမ်း၊ ဧရိယာအကျယ်အဝန်း (၁၇ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ(၁)လုံး၊ ကိုယ်ပိုင်မီး မီတာ(၁)လုံး၊ ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ကန်ထရိုက်တာ ဒေါ်အေးကြည် [၁၂/ဥကမ(နိုင်)၀၁၁၉၉၄] (HK Family Construction)ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်သန်းသန်းအေး [၁၂/ဥကမ(နိုင်) ၀၁၁၉၉၁]က အရစ်ကျစနစ်ဖြင့် ကြိုပွိုင့်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ ပထမအရစ်အနေဖြင့် ငွေကျပ်သိန်း(၃၀၀)အား ပေးသွင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘိုဘိုဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၆၉၁/၂၆–၁–၂၀၂၂)**
**အမှတ် (၆၇)၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– 09–791777220**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E.(Computer Science)
## ကျောင်းသား၊ ကျောင်းသူများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E.(Computer Science) ဘွဲ့သင်တန်းကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅)ရက်နေ့တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့(ဂုဏ်ထူးတန်း)ရရှိထားသူများ မြန်မာနိုင်ငံရှိ ကွန်ပျူတာတက္ကသိုလ်များမှပေးအပ်သော B.C.Tech. နှင့် B.C.Sc. ဘွဲ့များရရှိထားပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များမှပေးအပ်သော B.E. (Information Technology)၊ B.E.(Computer Engineering) နှင့် B.E. (Information Science & Technology) ဘွဲ့များရရှိပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ လျှောက်ထားနိုင်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများဖြစ်ရမည်–

(က) လျှောက်ထားသူနှင့် ၎င်းတို့၏ မိဘ(၂)ပါး၊ (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ အထက်ပါမဟာဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်သူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့ သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်လွှာများကို (၁၀–၆–၂၀၂၄) ရက်နေ့မှစတင်၍ www.miit.edu.mm တွင် ထုတ်ယူနိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို (၁၈–၆–၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်–

(က) ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)
(ခ) အမှတ်စာရင်း(မူရင်းနှင့် မိတ္တူ)
(ဂ) ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း
(င) လျှောက်ထားသူနှင့် မိဘ(၂)ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၆။ အခြားကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအစီအစဉ်အတိုင်း ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ဖြေဆိုကြရမည်ဖြစ်သည်–

| စဉ် | ရက်စွဲ | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
| ၁။ | ၂၀–၆–၂၀၂၄ (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | (၉:၀၀) နာရီမှ (၁၁:၀၀) နာရီထိ Paper Based |
| ၂။ | ၂၁–၆–၂၀၂၄ (သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | (၉:၀၀) နာရီမှ (၁၁:၀၀) နာရီထိ L.M.S Computer Based & Paper Based |

၇။ ဝင်ခွင့်ဖြေဆိုရမည့်ခုံအမှတ်များကို မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာ၍ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၉–၆–၂၀၂၄)ရက်နေ့တွင် ထုတ်ပေးမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားမပါရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် လုံးဝ(လုံးဝ) ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E. (Computer Science) ဝင်ခွင့်စာမေးပွဲ အောင်စာရင်းကို (၂၄–၆–၂၀၂၄)ရက်နေ့ (တနင်္လာနေ့)တွင် ကြော်ငြာသင်ပုန်းနှင့် website www.miit.edu.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက တယ်လီဖုန်းနံပါတ်–၀၉–၇၈၅၅၅၇၇၀၆ နှင့် ၀၉–၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ် (၁၉၃)၊ မြေကွက်ပေါ်တွင် မြေရှင်၊ ကန်ထရိုက်တာတို့ အကျိုးတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၅)ထပ်တိုက်၏ ကန်ထရိုက်တာခွဲဝေရရှိသော တိုက်ခန်းများအနက်မှ ဒုတိယထပ်၊ (၃)လွှာ(B)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်စိန်စိန် [၁၂/တမန(နိုင်)၁၁၁၄၂၇]နှင့် ဦးကျော်ဇေယျာထွန်း [၁၂/တမန(နိုင်)၁၁၂၅၂၂]တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ချစ်နိုင် [၁၀/သထန(နိုင်)၀၁၈၂၈၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက် (၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ်– ၃၄(က)နေ (ဘ) ဦးရဲမင်းထွန်း အမိ ဒေါ်တင်ချိုချို အောင်တို့၏သမီး မခြူးလဝန်းသွယ် (ခ) မခြူးလဝန်းအား မချစ်ခွန်းချို ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

**မချစ်ခွန်းချို**

## ပျောက်ဆုံးကြောင်း

ဦးသက်ထွေးမောင် [၁၄/ပတန (နိုင်) ၁၈၇၆၈၇] ကိုင်ဆောင်သော Customs Broker ပန်းရောင်ကတ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–767147130**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၈)၊ ရွာလယ်လမ်းမကြီး၊ အမှတ်(၈/၅၄)၊ မြေအကျယ် (၃၀x၇၅)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံး ပိုင်ရှင်ဖြစ်ပြီး၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်နှင်းပွင့်ဖြူ (ဘ) ဦးပြည်စိုး [၁၂/သလန(နိုင်)၁၄၁၂၁၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မိမိထွေး (ဘ) ဦးစိုးတင် [၁၂/သလန(နိုင်)၀၃၀၇၅၂]ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၅၁၈၅၁၆၇**

# ဒေါ်လှလှမြ

## အထက်တန်းပြဆရာမကြီး(ငြိမ်း)

## အ-ထ-က(၁) လသာ နှင့် အ-ထ-က(၁) ကမာရွတ် (မရမ်းခြံ)

## အသက် (၁၀၄) နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်ရွှေ) ၏ဇနီး၊ ဦးကျော်ကျော်လှိုင်( Chairman, SMART Group of Companies, and Gulf Petroleum Myanmar)-ဒေါ်ချိုမာဇင်၊ ဒေါက်တာသော်သော်နိုင်-ဒေါ်ရီရီအုန်း၊ ဦးသန်းမောင်-ဒေါက်တာကြည်ကြည်ဆွေ တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး (၉)ဦးတို့၏ ချစ်လှစွာသောအဘွား၊ မြစ် (၈)ဦး တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၄-၆-၂၀၂၄ (အင်္ဂါနေ့)၊ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၈-၆-၂၀၂၄(စနေနေ့)၊ နံနက် ၁၀ နာရီ အချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက (နဲ့သမိန်)ကျောင်း၊ Grade -3 မှ မရွှေယမုံကို၏ ဖခင် အမည်မှန်မှာ ဦးဝေလျှံထွန်းဖြစ်ပါသည်။

**ဦးဝေလျှံထွန်း**

### ပတ်စ်ပို့ပျောက်

(ဘ)ဦးမောင်သန်းနိုင်၏ သား မောင်နိုင်ငြိမ်းကျော် [၁၁/ရသတ(နိုင်)၀၇၁၉၁၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 948600) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၇၄၉၂၄၀၂**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁၅ / ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၅၅၄)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၅၅၄)၊ အင်းဝလမ်း၊ ၁၅/ရွှေပေါက်ကံရပ်ကွက်၊ **ဦးဘစိန် (LKW-၀၁၁၂၀၄)** အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား မြေအမည်ပေါက် **ဦးဘစိန်(ဖခင်)** သည် (၂၆-၁၁-၂၀၁၈)ရက်နေ့တွင် လည်းကောင်း၊ **ဒေါ်မြအေး(မိခင်)**သည် (၁၇-၆-၂၀၀၇)ရက်နေ့တွင် လည်းကောင်း၊ အသီးသီး ကွယ်လွန်သဖြင့် **ဒေါ်စိုးစိုးကြည် [၁၂/မရက(နိုင်)၀၉၆၈၂၈]၊ ဒေါ်လှလှကြည် [၁၂/မရက(နိုင်)၀၉၆၈၃၀]၊ ဒေါ်စန်းစန်းကြည် [၁၂/မရက(နိုင်)၀၉၇၁၈၄]**တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သမီးများတော်စပ်ကြောင်း ၎င်းတို့ညီအစ်မ (၃)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၄၈၇/၂၀၂၄) (၃-၄-၂၀၂၄) ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လှူမိတ်ဆွေ**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက်(၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SMART Technical Services Co.,Ltd
Managing Director နှင့် ဝန်ထမ်းများ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SMART Electrical Co.,Ltd ၏
Managing Director နှင့် ဝန်ထမ်းများ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ်အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Holy Dragon Co.,Ltd ၏ Managing Director နှင့်
ဝန်ထမ်းများ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က (၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄)အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SMART Group of Companies ၏
Management များနှင့် ဝန်ထမ်းများ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Electrical & Instrumentation Co.,Ltd ၏
Managing Director နှင့် ဝန်ထမ်းများ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SMART (စာပေ) ၏ Managing Director နှင့်
ဝန်ထမ်းများ

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ဣန္ဒာ (၈) လမ်း၊ အမှတ် (၇၉၆) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် တိုက်၏ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်း (၁၄x၅၄)ပေရှိ တိုက်ခန်းကို ကန်ထရိုက်တာထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သော ဦးမင်းယု [၈/စလန(နိုင်)၁၂၀၈၆၁]ထံမှ ပြန်လည်ဝယ်ယူရန်အတွက် ကျွန်တော်၏မိတ်ဆွေ ဦးကျော်မင်း [၁၂/ဥကမ(နိုင်)၀၁၇၈၃၈] မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေမှတစ်ဆင့်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးကျော်မင်း [၁၂/ဥကမ(နိုင်)၀၁၇၈၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၈၂)**
**အမှတ်(၁၂၂၄)၊ ရော(၂၂)လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၇၃၆၅၉**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ်အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

K.M Dastur & Company Private Limited ၏
Managing Director နှင့် ဝန်ထမ်းများ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်လှိုင် (Chairman) SMART Group of Companies ၏ မိခင်ကြီး ဒေါ်လှလှမြ၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အ.ထ.က(၁)လသာ နှင့် အ.ထ.က(၁) ကမာရွတ် (မရမ်းခြံ)၊ အသက် (၁၀၄) နှစ်သည် (၄.၆.၂၀၂၄) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီ ၀၄ မိနစ် အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Gulf Petroleum Myanmar ၏ Management နှင့်
ဝန်ထမ်းများ

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၂)လမ်း၊ အမှတ်(၁၂) မြေပေါ်တွင် ဆောက်လုပ်ထားသော RC ၆ – ထပ်အဆောက်အဦ၏ ပဉ္စမထပ် (၆-လွှာ)၊ (၂၃ x ၄၈)ပေအကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း[၁၃/လရန(ဧည့်)၀၀၀၄၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းမာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၅၀)**

**ဦးဉာဏ်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၁၅)**

**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ ( ၉ )ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၄၄၃၁၆၀၄၈၀၊ ၀၉- ၄၄၉၉၂၈၁၉၉**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ သာယာကုန်းနယ်မြေ(၁၂)၊ အောင်မြန်မာလမ်း၊ အမှတ်(၁၂/၂၃)၊ ကွင်းအမှတ်(၆၇၂/A)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင် အမှတ်(၆/၃)၊ ဧရိယာ(၀. ၂၀)ဧက အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ဝင်းကြည်(ဘ)ဦးလှခိုင်[၁၂/သလန(နိုင်)၀၄၅၉၉၅]၊ ဒေါ်မိုးကေသီခိုင်(ဘ)ဦးလှဝင်း[၁၂/သလန(နိုင်)၀၀၀၈၄၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ဦး[၁၂/သလန(နိုင်)၁၁၉၀၀၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၁၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သိန်း
### အသက် (၇၅)နှစ်

ရန်ကုန်မြို့နေ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း [ဗိုလ်မှူးချုပ် တင်စိုး(ငြိမ်း)]၏ဇနီး၊ ဦးကျော်စွာစိုး–ဒေါ်သီသီဌေး၊ (ဦးကျော်သူစိုး)–ဒေါ်စန်းစန်းအေး၊ ဒေါ်မီးမီး–ဒေါက်တာကျော်ကျော် တို့၏ မွေးသမိခင်၊ မြေး သုံးယောက်တို့၏အဘွား၊ ဒေါ်မြင့်မြင့်သိန်း အသက်(၇၅)နှစ်သည် ၅–၆–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၇–၆–၂၀၂၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းဆွေ
### အသက် (၈၈)နှစ်

RC–1, အာစရိယပူဇော်ပွဲကျင်းပရေးနှင့် RC–1, လူမှုအကျိုးပြုအဖွဲ့ EC အဖွဲ့ဝင် မန္တယ်နွယ်အေး၏ ဖခင်ဖြစ်သူသည် ၂–၆–၂၀၂၄ (တနင်္ဂနွေနေ့) ညနေတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့၊**
**ပညာဒါနအမှုဆောင်အဖွဲ့နှင့်**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ (RC–1, RUBC, BC)**

## "ကန့်ကွက်နိုင်ပါသည်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော သုံးခွမြို့၊ အမှတ် (၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၉၆)နေ ဦးစန်းဌေး [၁၂/သခန(နိုင်)၀၉၆၅၅၉] ကိုင်ဆောင်သူက သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အကွက်အမှတ်– ၁၁၊ မြို့မတောင်ကွက်၊ ဦးပိုင်အမှတ် ၅၇/ခ/၁၊ သန်လျင်မြို့နယ် မြေစာရင်းဦးစီးဌာန၏ (၂၀–၁–၂၀၁၃)ရက်စွဲပါ စာအမှတ်– ၉၃/အမည်ပြောင်းအရ ဒေါ်မြချစ် အမည်ဖြင့် အမည်ပေါက်လျက်ရှိနေသော ဧရိယာ (၁.၁၄၂)ဧကအနက်မှ ဧရိယာ (၀.၀၆၉)ဧကကို လက်ရှိထားပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်တို့ရှိသည်ဟု ဝန်ခံကတိပြုသူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ် ၇၀/၂ တိုက်(A–4)နေ ဒေါ်လှ(ခ)ဒေါ်လှလှမြင့် [၁၂/မဂတ(နိုင်)၀၇၁၀၅၅] ကိုင်ဆောင်သူထံမှ ယင်းခြံမြေ လက်ရှိထားပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ကို အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာ ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက် အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးနိုင်သူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၃၀)**
**အမှတ်(C/၆၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း– ၀၉–၇၈၅၀၇၈၁၉၁၊ ၀၉–၆၉၇၄၁၁၄၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဇေယျာအေးမြ (၂)လမ်း၊ မြေကွက်အမှတ်(၃၈၅) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင်ဆောက်လုပ်မည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ခြေရင်းဘက်ခြမ်း၊ တတိယထပ်၊ (၄)လွှာ၊ ဧရိယာ (၁၈ပေx ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းထွဋ်ကြူ [၁၂/ဒဂမ(နိုင်)၀၀၄၉၅၉]မှ အရစ်ကျ ကြိုပွိုင့်စနစ်ဖြင့် တရားဝင်ရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိစံ [၁၂/သဃက(နိုင်)၁၄၈၆၇၇]မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)(LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09–954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၉၇၅)၊ မဟာဗန္ဓုလလမ်းဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၀)ပေx (၆၀)ပေရှိ ဦးညွန့်ဝေ (MYA–129800) အမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ ခေါင်းရင်းဘက်ခြမ်း (၂၀)ပေx (၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်စီမံလျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ ဦးချစ်ကိုကို [၉/ညဥန(နိုင်)၁၈၉၉၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၇၆)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၀၁၁၅၇၆၊ ၀၉–၉၇၆၇၅၆၀၆၂**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးအေးကို(အထက်တန်းရှေ့နေ)
### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းတန်း၊ ကမာရွတ်နေ (ဦးဘိုးသန့်–ဒေါ်မြရီ) တို့၏ သားငယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၁၄၃)၊ ယမနေလမ်း၊ (၃၄)ရပ်ကွက်နေ ဒေါ်ခင်နွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဇော်ဦး–ဒေါ်ဥမ္မာကို၊ ဦးဇာနည်ကိုတို့၏ မွေးသဖခင်၊ ဦးအေးကို(အထက်တန်းရှေ့နေ) အသက်(၇၅)နှစ်သည် ၅–၆–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၀၃ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၇–၆–၂၀၂၄ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုကြွရောက်ပါရန်။ (အမှတ်– ၂၂၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁–၆–၂၀၂၄ (အင်္ဂါနေ့) နံနက်တွင် ပင့်သံဃာအရှင်မြတ်တို့အား လှူဖွယ်အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအုန်းရွှေ(မြိတ်)
### (ယခင် ရွှေပုစွန် မန်ကျည်းသီးလုပ်ငန်း)
### အသက်(၇၀)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နေ (ဦးလိန်–ဒေါ်ညောင်)တို့၏ သား၊ မြိတ်မြို့နေ (ဦးမောင်ဒင်–ဒေါ်မြို့ရီ)တို့၏ သား/သမက်၊ ထားဝယ်မြို့၊ မြို့တွင်းရပ်နေ (ဦးအောင်မင်း)–ဒေါ်ရီ (အောင်စာပေ)၊ မြိတ်မြို့၊ ဈေးတန်းရပ်နေ ဦးရှင်စိုက်–(ဒေါ်မြင့်ခင်) Green Eyes စားသောက်ဆိုင်၊ ပဲခူးမြို့၊ နန်းတော်ရာရပ်နေ (ဦးကြည်လှိုင်–ဒေါ်သန်းသန်း)၊ မြိတ်မြို့ နောက်လယ်ရပ်နေ (ဦးမြမောင်–ဒေါ်ယုယုတင်)တို့၏ညီ/မောင်၊ ဘုတ်ပြင်းမြို့၊ အေးချမ်းသာယာရပ်ကွက်နေ ဦးအောင်မြင့်(ရော–ခတ်ပုံ)၏ အစ်ကို၊ မြိတ်မြို့၊ တရုတ်တန်းရပ်၊ အေးချမ်းဖြူစင်လမ်းနေ ကိုသီဟံဦး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ကိုအောင်နိုင်ထွန်း(ခ)ကိုတူး–မနန္ဒာလွင်(ခ)မနွေးနွေး၊ ထားဝယ်မြို့၊ ကျွန်းမွေးရပ်၊ ရွာပတ်လမ်းနေ ကိုသန့်ဇင်ဦး–မသဉ္ဇာဖြိုးတို့၏ ဖခင်၊ မအိမ်ချစ်ချစ်ကျော်(ခ)စူးအန်းအန်း၊ မချမ်းမြေ့စုစံ(ခ) Orchid၊ မောင်အောင်ခိုင်ခန့်ကျော်(ခ)စူးရှီးဝမ်တို့၏အဘိုး၊ မြိတ်မြို့၊ တရုတ်တန်းရပ်၊ အေးချမ်းဖြူစင်လမ်းနေ ဦးအုန်းရွှေ အသက်(၇၀)နှစ်သည် ၂–၆–၂၀၂၄ ရက် ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် (ယခု တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော) မြေတိုင်းရပ်ကွက်အမှတ်(၁၄/ စီမံကိန်း ၂)၊ စံပြ (၅)ရပ်ကွက်၊ မြဝတီလမ်း၊ မြေကွက်အမှတ် –၂၆၁ ဟု ခေါ်တွင်သောမြေပေ ၆၀/၇၀x၆၂ ပေထဲမှ မြေရှင် ဦးအေးကို၏အိမ်မြေနှင့် ကပ်လျက်ရှိသော ခြေရင်းဘက်ခြမ်း (အလျား ၆၂ပေx အနံ ၂၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ကြောင်းစာချုပ်ဖြင့် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးကို [၁၂/သဃက(နိုင်)၁၃၂၉၂၇]မှ (၄–၆–၂၀၂၄)ရက်နေ့တွင် **နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်** ဖြင့် ရောင်းချရာ အဆိုပါရောင်းချသည့် မြေနှင့်အိမ်ပေါ်၌ လက်ရှိထားနေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မော်[၈/မမန(နိုင်)၁၄၃၇၉၇]က ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိဆက်လက်နေထိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာ (LL.B, LLM)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၈၉၅၆) (၃၀–၄–၂၀၁၃)**
**အမှတ် (၃၆၃)၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း– ၀၉–၄၂၀၀၇၈၅၆၀**

## "မြေနှင့်အဆောက်အဦ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းရီ [၁၁/ရဗန(နိုင်)၀၁၇၅၇၅] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မာလာ(၈)လမ်း၊ မြေကွက်အမှတ်(၇၈၉/ခ) ဟုခေါ်တွင်သော အကျယ် (၂၀x၆၀)ပေရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"** တို့ အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဦးမင်းထက်ဇော် [၈/တတက(နိုင်)၀၀၀၁၄၂]"ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်– ၁၄၅၉၈)** | **(စဉ်–၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

### ဒေါ်ငြိမ်းတောင်ပေါ်ကျောင်းနှင့် ကျွန်းသာယာကျောင်း ကျောင်းဒါယကာကြီး
## ဦးကျော်မြင့် (လ.ဝ.က၊ ဦးစီးအရာရှိ–ငြိမ်း)
### အသက်(၉၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ တရုတ်ကုန်းလမ်း၊ အမှတ်(၂၉–C)နေ (ဦးအောင်ကြီး–ဒေါ်သိန်းမြ) တို့၏သား၊ (ဦးစိုး–ဒေါ်သန်းရီ)တို့၏ သားသမက်၊ ဒေါ်တင်ငြိမ်း(ခ) ဒေါ်ငြိမ်းငြိမ်း၏ ကျေးဇူးရှင်ခင်ပွန်း၊ ဦးဝင်းဇင်မောင်–ဒေါ်သီဂီကျော်၊ ဦးနန္ဒကျော်– Mrs Masushita Kaori၊ ဦးတေဇကျော်–ဒေါ်ချောစုလှိုင် တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၅–၆–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၅၀ နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၇–၆–၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေအေးကွင်းရပ်ကွက်၊ ပြည်နယ်မွေးကုရုံးဝန်ထမ်းအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
### သန်လျင်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၁၅

ကွယ်လွန်သူ ဦးဝင်းဌေး ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ကျင်မြိုင် ------------ လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ပဒတ္ထိုင်းကျေးရွာ၊ သုံးခွမြို့နယ်နေ ဒေါ်ကျင်မြိုင်က ကွယ်လွန်သူ ဦးဝင်းဌေး၏ ဇနီးဖြစ်သည်ဟူ၍ သုံးခွမြို့နယ်၊ ပဒတ္ထိုင်းကျေးရွာနေ ကွယ်လွန်သူ ဦးဝင်းဌေး၏ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်၊ ပေးရန်ရှိသော ကြွေးမြီများကို ကောက်ခံ၊ ပေးဆပ်ရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဝင်းဌေး ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်၊ ပေးရန်ရှိသည်ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ကျင်မြိုင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စာမြတ်နွယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သန်လျင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၃)၊ မြေကွက်တည်နေရာအမှတ် (၃)၊ (၁၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဦးကျော်လွင်[၆/မအရ(နိုင်)၀၆၈၀၉၂]၊ ဦးညီညီထွန်း [၁၂/လမတ (နိုင်) ၀၀၂၇၀၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်လွင်(ခင်ပွန်း) ဖြစ်သူသည် ၂၂–၇–၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်ရှုကြင် [၆/မအရ(နိုင်)၀၈၃၈၅၅]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးညီညီထွန်းသည် ၂၂–၂–၂၀၁၆ ရက်နေ့တွင် (လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် ညီ/ညီမများဖြစ်ကြသော ဦးရဲသွေးလင်း [၁၂/ပဇတ(နိုင်)၀၂၆၅၃၇]၊ ဒေါ်ငုဝါဖြိုး[၁၂/ပဇတ(နိုင်)၀၂၆၅၃၈] တို့မှပူးတွဲ၍ နှစ်(၆၀)ဂရန်၊ သေစာရင်းများ အမည်ပေါက်တို့၏ တရားဝင် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် ညီ/ညီမအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၂ ထပ် အုတ်ကိုဒေါင် (၁)လုံး ၁ ထပ်သွပ်မိုး အဆောက်အဦသေး (၃)လုံးရှိပြီး လူနေထိုင်ခြင်းမရှိပါ။ လျှောက်ထားသူများ၏ သီဟိုစေ့စက်ရုံ ရှိပါသည်။ ကွင်းဆင်းသိရှိကြောင်း လျှောက်ထားသူတို့မှ လက်မှတ် ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ရှုကြင်+၂ တို့မှ ပိုင်ဆိုင်မြေပုံကူး တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၁၃၃၉) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၃၀'x၅၀')ရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၆ ထပ်တိုက်) အဆောက်အဦ၏ (၆ လွှာ) (တိုက်မျက်နှာမူလျှင် ဝဲဘက်ခြမ်း) တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်နှင်းဝေဝေမောင် [၁၂/ဒဂတ(နိုင်)၀၃၁၁၃၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးနွေးဦး [၈/ရနခ(နိုင်)၁၀၃၇၆၂] က ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ဗေဒါ(၁)လမ်း၊ မြေကွက်အမှတ် (၈၈၂/ခ)၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ထက်ထက်လင်း[၉/မသန(နိုင်)၁၅၅၇၇၅၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ထက်ထက်လင်း [၉/မသန(နိုင်)၁၅၅၇၇၅၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၇၅၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ မြေကွက်အမှတ်(၁၂၁၄)၊ ခါတော်မှီလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးတင်မောင်သိန်း (MUN–၁၀၉၇၇၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်လင်း [၅/ဒပရ(နိုင်)၁၀၀၄၆၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ နန်းမောက်ကွန်ခမ်း[၁၃/မရန (နိုင်) ၀၂၈၈၀၇]မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နန်းမောက်ကွန်ခမ်း၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀–၆၈၅–၇၁၇၊ ၀၉–၇၉၇–၆၄၀–၆၁၆၊ ၀၉–၅၀၇၉၉၇၈**

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ် ...

❖ ထိုသို့နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်...

❖ ထိုသို့နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဇွန် ၅

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို ဇွန် ၅ ရက်က ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

**လေးဂိုးပြတ်အနိုင်ရ**

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ရှမ်းယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းယူပြီး ထိပ်ဆုံးနေရာအတွက် ဖိအားပေးနိုင်ခဲ့သည်။ အသင်းသစ်ရှမ်းယူနိုက်တက်အသင်းမှာမူ ငါးပွဲဆက်တိုက် အရေးနိမ့်ပြီး ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❋



ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



Mr. Hajime Moriyasu
(ဂျပန်လက်ရွေးစင်အသင်း နည်းပြချုပ်)



Mr. Michael Feichtenbenir
(မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်)

## ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဂျပန်နှင့် မြန်မာ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇွန် ၅

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ် (၅) ကို ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာရှထိပ်သီး ဂျပန်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့သည် ဇွန် ၆ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင် ကစားမည်ဖြစ်ပြီး ပထမအကျော့တွေ့ဆုံမှုတွင် ဂျပန်အသင်းက ငါးဂိုးပြတ်အနိုင်ရထားသည်။

**ကြိုးပမ်းရမည်**

လေးပွဲစီကစားအပြီးတွင် ဂျပန်အသင်းက လေးပွဲစလုံးအနိုင်ရကာ ရမှတ် ၁၂ မှတ်ရထားပြီး မြန်မာအသင်းမှာမူ နိုင်ပွဲမရသေးဘဲ တစ်မှတ်သာရထားသည်။ နှစ်နိုင်ငံ ဘောလုံးအဆင့်အတန်း၊ ကစားသမားများ၏ အရည်အသွေးပိုင်းဆိုင်ရာ ကွာခြားမှုများရှိနေသဖြင့် မြန်မာအသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း ဂျပန်အသင်းထံမှ ရမှတ်ရယူနိုင်ရန် မလွယ်ကူဘဲ ပေးဂိုးနည်းရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

### ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး / အရင်းပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း**

စာမျက်နှာ » ၅

**အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်တည်ဆောက်မည့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို တိုက်တွန်း**

စာမျက်နှာ » ၁၃

**ပြည်သူတွေဆီ မျက်နှာမူ၍ ဖြတ်သင့်သည့်သံယောဇဉ်ကို ဖြတ်ပေးပါ**

ဆောင်းပါး စာမျက်နှာ » ၆



**သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄